# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၀၉၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



ဒီနေ့ကျရောက်တဲ့ ၂၀၂၅ ခုနှစ်ရဲ့ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော မိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့်တကွ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ကတည်းက နိုင်ငံတော်ရဲ့ရှေ့ဆက်လျှောက်လှမ်းရမယ့် လမ်းကြောင်းကို မျှော်မှန်းပြီး ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ခဲ့ပါတယ်။ ကျွန်တော်တို့ ခိုင်ခိုင်မာမာနဲ့ ကြိုးစားလျှောက်လှမ်းခဲ့ကြလို့ သိသာထင်ရှားတဲ့ ရည်မှန်းချက်ပန်းတိုင်တွေကိုလည်း တွေ့မြင်နေရပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူများက တက်တက်ကြွကြွနဲ့ ဝိုင်းဝန်းကူညီပေးခဲ့တဲ့အတွက်ပဲဖြစ်ပါတယ်။ ရှေ့ဆက်လျှောက်လှမ်းရမယ့်ခရီးမှာ စိန်ခေါ်မှုတွေ၊ အကျပ်အတည်း၊ အခက်အခဲတွေကို ရင်ဆိုင်တွေ့နိုင်ရပေမယ့် ကျွန်တော်တို့အားလုံးရဲ့ စုစည်းညီညွတ်တဲ့ ပူးပေါင်းစွမ်းအားနဲ့ ကျော်ဖြတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့နိုင်ငံသားများရဲ့ ကောင်းကျိုးကို မလိုလားသူတွေအနေနဲ့ ၂၀၂၄ ခုနှစ်အတွင်း မြို့ရွာများလုံခြုံရေးနဲ့ စီးပွားရေးဆိုင်ရာ နယ်ပယ်အသီးသီးကို အဓိကပစ်မှတ်ထားပြီး နှောင့်ယှက်ဖျက်ဆီးခဲ့ကြပါတယ်။ ကိုယ်နေထိုင်ရာ ကိုယ့်ရဲ့ဒေသနဲ့ လူမျိုးကို ထိခိုက်ပျက်စီးစေတဲ့ အသိဉာဏ်မဲ့တဲ့သူများရဲ့ လုပ်ရပ်များပဲဖြစ်ပါတယ်။ လူမျိုးရေး၊ တန်းတူညီမျှရေး၊

*စာမျက်နှာ ၅ ကော်လံ ၁* ◆

## နေပြည်တော်၌ ပြည်သူများ နှစ်သစ်ကို တစ်ခဲနက် ပျော်ရွှင်စွာကြိုဆို



နေပြည်တော် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းဖြေပျော်ရွှင်စေရန်၊ စိတ်ခွန်အားသစ်များရရှိနိုင်ရန်၊ နှစ်သစ်ကို သာယာပျော်ရွှင်ချမ်းမြေ့စွာ ကြိုဆိုနိုင်ရန် ရည်ရွယ်၍ ကျင်းပသည့် တေးဂီတဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ် ၁ နှင့် ၂ ၌ ကျင်းပရာ

*စာမျက်နှာ ၉ ကော်လံ ၁* ○


**ယနေ့ ဖတ်စရာ**

ရှေ့ပြေးလူဦးရေ စာရင်းအဖြစ် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ရှိကြောင်း ထုတ်ပြန် — ပြည်တွင်းသတင်း — စာ ၉

တို့ပြည် တို့မြေ အစွန့်ရှည် ဖွံ့ဖြိုးတိုးတက်စေ — ဆောင်းပါး — စာ ၁၀

ကမ္ဘာတစ်ဝန်းရှိ ပြည်သူသန်းချီ ၂၀၂၅ နှစ်သစ်ကို ဆင်နွှဲရန် စောင့်ကြို — နိုင်ငံတကာသတင်း — စာ ၁၄

မြန်မာ့အလင်း

# လောကပါလတရားတို့ ထွန်းကားသည်နှင့်အမျှ ဤမြေကမ္ဘာ ငြိမ်းချမ်းသာယာလှပလာမည်

ပျော်ရွှင်ဖွယ်နှစ်သစ်ဖြစ်ပါစေဟူ၍ ကြွေးကြော်ဆုတောင်းကာ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိခဲ့ကြပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံ အသီးသီး မြို့ကြီးပြကြီးတို့တွင် စိတ်လှုပ်ရှားပျော်ရွှင်ဖွယ်ရာ သန်းခေါင်ယံနှစ်ကူးပွဲတော်ကြီးများကို ခမ်းနားကြီးကျယ်စွာ ဆင်ယင်ကျင်းပပြီး နှစ်သစ်ကို ကြိုဆိုကြခြင်း၏ အနှစ်သာရမှာ ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်းကို အလိုရှိသော လူသားတို့၏ အလိုဆန္ဒကို ထုတ်ဖော်ပြသကြခြင်းလည်းဖြစ်သည်။

သို့ရာတွင် ကမ္ဘာပေါ်၌ အားကြီးသူက အားနည်းသူအပေါ် အနိုင်ကျင့်ခြင်း၊ တစ်ဦး၏ပိုင်ဆိုင်မှုကို အခြားတစ်ဦးက အဓမ္မ လုယက်ယူငင်ခြင်း၊ တစ်ဦးအပေါ် တစ်ဦးက မနာလိုဝန်တိုခြင်း၊ မုန်းတီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ လူမျိုး တစ်မျိုးနှင့်တစ်မျိုး၊ တစ်ပြည်နှင့်တစ်ပြည် စစ်မက်ယှဉ်ပြိုင် တိုက်ခိုက်ခြင်းတို့သည် လူ့ယဉ်ကျေးမှုသမိုင်းအစမှသည် ယနေ့ အချိန်အထိ တစ်ရံမလပ် ရပ်တန့်သည်ဟူ၍မရှိ တောက်လောင် နေဆဲ ဖြစ်သည်။ ယင်းသို့ အပြင်မီး ဟုန်းဟုန်းတောက်လောင် ရခြင်းသည် လိုချင်တပ်မက်ခြင်းဟူသော လောဘ၊ လိုတိုင်း မရသည့်အခါ မုန်းခြင်း၊ အမျက်ထွက်ခြင်းဟူသော ဒေါသ၊ တရား မှန်ကို မသိမြင်၊ မဆင်ခြင်နိုင်ဘဲ လောဘနှင့်ဒေါသတို့ကို ဦးဆောင် သည့် မောဟတည်းဟူသော အတွင်းမီးသုံးပါးက အရင်းခံပင် ဖြစ်ရာ ယင်းအတွင်းမီးများကို မငြိမ်းသတ်နိုင်သရွေ့ အပြင်မီးတို့ သည်လည်း မည်သည့်အခါမျှ ငြိမ်းသတ်နိုင်မည်မဟုတ်သည်ကို မိမိတို့အားလုံး နားလည်သိမြင်ထားကြရမည်ဖြစ်သည်။

လူဆိုသည်မှာ သတ္တလောကကြီးကို ဦးဆောင်နေကြသူများ၊ ပုံဖော်နေကြသူများဖြစ်ပြီး မနောပုဗ္ဗင်္ဂမာ ဓမ္မာဟူသော ပါဠိတော် နှင့်အညီ စိတ်ကရှေ့ဆောင်၊ စိတ်ကကြီးမှူးနေခြင်းဖြစ်ရာ သန့်ရှင်းကြည်လင်သောစိတ်ဖြင့်သာ ကိုယ်နှုတ်နှလုံး သုံးပါး သောအမူအရာတို့ကို ဖြစ်ပေါ်စေအပ်သည်။ စိတ်သည် သဘာဝ အားဖြင့် သန့်ရှင်းစင်ကြယ်ကာ ပြိုးပြိုးပြက်ပြက် တောက်ပပြီး စိတ်၏ ညစ်ညူးကြောင်းဖြစ်သော ကိလေသာတို့မှာမူ ဧည့်သည် ဆိုးများသဖွယ် ပြင်ပမှ ဝင်ရောက်ခြယ်လှယ်လာခြင်းပင် ဖြစ် သည်။ သူတစ်ပါး၏ စည်းစိမ်ကို ရေးရှုကြံစည်ခြင်း အဘိဇ္ဈာ၊ မသင့်လျော်ရာ၌ လိုချင်တပ်မက်ခြင်း ဝိသမလောဘ၊ သူတစ်ပါး ကို ပျက်စီးစေလိုခြင်း ဗျာပါဒ၊ အမျက်ထွက်ခြင်း ကောဓ၊ ရန်ငြိုး ဖွဲ့ခြင်း ဥပနာဟ၊ ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း မက္ခ၊ ဂုဏ်ပြိုင် ခြင်း ပဠာသ၊ ငြူစူခြင်း ဣဿာ၊ ဝန်တိုခြင်း မစ္ဆရိယ၊ လှည့်ပတ် ခြင်း မာယာ၊ စဉ်းလဲခြင်း သာဌေယျ၊ စိတ်ခက်ထန်ခြင်း ထမ္ဘ၊ ချုပ်ချယ်ခြင်း သာရမ္ဘ၊ မောက်မာခြင်း မာန၊ လွန်စွာမောက်မာခြင်း အတိမာန၊ မာန်ယစ်ခြင်း မဒ၊ သတိမေ့လျော့ခြင်း ပမာဒတို့သည် စိတ်ကိုညစ်ညူးကြောင်းတရားတို့ပင်ဖြစ်သည်။

စိတ်၏ညစ်ညူးကြောင်းတရားတို့ မိမိထံတွင် ဝင်ရောက် ခြယ်လှယ်မလာစေရန် စိတ်ကိုဆုံးမခြင်း၊ သတိဖြင့်လုံခြုံစေခြင်း၊ ပိတ်ဆို့တားဆီးခြင်းတို့ ပြုလုပ်ခြင်းဖြင့် စိတ်ကောင်းနှလုံးကောင်း တို့ ဖြစ်ပေါ်အောင် မွေးမြူကြရမည်ဖြစ်သည်။ လူတို့၏ စိတ်တွင် အညစ်အကြေးကင်းစင်သည်နှင့်အမျှ အပြောအဆို၊ အပြုအမူ၊ အကြံအစည်တို့တွင်လည်း အပြစ်ဒေါသတို့ ကင်းစင်ကာ လောက ကို အလှဆင်နိုင်ကြမည်ဖြစ်သည်။ ထို့အပြင် အမြဲတည်လေ့မရှိဘဲ ပျက်စီးတတ်သောသဘောရှိသည့် လောကကို စောင့်ရှောက်သည့် တရားများဖြစ်သော ဟိရီနှင့် ဩတ္တပ္ပဟူသည့် လောကပါလတရား တို့ လူတို့၏သန္တာန်တွင် စွဲမြဲစေရန်လည်း အားထုတ်ကြရမည်ဖြစ် သည်။ မကောင်းမှုပြုရမည်၊ ကိုယ်ကျင့်တရားပျက်ရမည်ကို ရှက်ခြင်းဟူသော ဟိရီ၊ မကောင်းမှုပြုရမည်၊ ကိုယ်ကျင့်တရား ပျက်ရမည်ကို ကြောက်ခြင်းဟူသော ဩတ္တပ္ပတရားတို့သည် လောကကြီးမပျက်စီးစေရန် စောင့်ရှောက်ပေးနေသည့်တရား နှစ်ပါး ဖြစ်ပြီး ၎င်းတရားနှစ်ပါးတို့ ပျက်စီးပါက လောကကြီး လည်း ပျက်စီးရမည်သာ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံသားတိုင်း ချမ်းမြေ့ပျော်ရွှင်ဖွယ်ရာ နိုင်ငံ တစ်နိုင်ငံ ဖြစ်လာစေရန်၊ လူသားတိုင်းအတွက် ချမ်းမြေ့ပျော်ရွှင် ဖွယ်ကမ္ဘာကြီးဖြစ်လာစေရန် နိုင်ငံသူ နိုင်ငံသားတိုင်း၊ ကမ္ဘာသူ ကမ္ဘာသားတိုင်း စိတ်နှလုံးဖြူစင်သန့်ရှင်းကြရမည်ဖြစ်သကဲ့သို့ မကောင်းမှုဒုစရိုက်တို့ကို ကိုယ်နှုတ်နှလုံး တစ်ပါးပါးတို့ဖြင့် ပြုရ မည့်အပေါ် ရှက်ကြောက်ကြရမည်လည်းဖြစ်သည်။ အမြဲတည်လေ့ မရှိသော၊ ပျက်စီးတတ်သည့်သဘောရှိသော လောကကြီးတွင် လောကကို စောင့်ရှောက်အပ်သည့် လောကပါလတရားတို့ ထွန်းကားလာသည်နှင့်အမျှ ငြိမ်းချမ်းသာယာလှပလာပါမည့် အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား” ဖြင့် ဆောင်ရွက်ရေး။

၅။ “ရှေ့သို့ချီမည်ပန်းတိုင်ဆီ” ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက် လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့တစ်နေ့အဖြစ် ရောက်ရှိလာသည့် ယနေ့သည် ၂၀၂၅ ခုနှစ်၏ ပထမဦးဆုံးနေ့သစ်အဖြစ် စတင်ရောက်ရှိလာပြီ ဖြစ်ပါသည်။ ကောင်းခြင်းမင်္ဂလာအပေါင်း နှင့်ပြည့်စုံသည့်နှစ်သစ်ကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုလိုက်ပါ သည်။

၂၀၂၄ ခုနှစ် ကာလများသည်လည်း အတိတ်မှာကျန်ရစ်ခဲ့ပြီး ဟောင်းနွမ်းကုန်ဆုံးခဲ့ပြီ ဖြစ်လေသည်။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစွာ ကူးပြောင်းရောက်ရှိလာသည့် ယခုနှစ်သစ်တွင် အတိတ်နှစ်ဟောင်းမှ ဟောင်းနွမ်းခဲ့ပြီးသော အတွေးအမြင်၊ အယူအဆ၊ ခံစားချက်၊ ခံယူချက်၊ အကြံဉာဏ်ဟောင်းများကို စွန့်လွှတ်၍ ကောင်းမွန်ပြီး ကြီးကျယ် မြင့်မြတ် ဆန်းသစ် လှပသော အတွေးအမြင်၊ အယူအဆ၊ ခံစားချက်၊ ခံယူချက်အကြံဉာဏ်သစ်များ ရရှိပိုင်ဆိုင်ကာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နှစ်သစ်မင်္ဂလာဖြစ်ပါစေ။ မင်္ဂလာရှိသော နှစ်သစ်အခါသမယ မှစ၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားသွေးချင်း ညီအစ်ကို မောင်နှမများ၊ မိဘပြည်သူများအားလုံး သက်ရှည်ကျန်းမာ ချမ်းသာသုခပြည့်ဝပြီး အလိုရှိရာ ပြီးပြည့်စုံပါစေကြောင်းနှင့် ကပ်ကြီးသုံးပါးအပါအဝင် ရောဂါဘယများ၊ ဘေးအန္တရာယ် အပေါင်းမှ ကင်းဝေးပြီး အေးချမ်းသာယာရှိကြပါစေကြောင်း မြန်မာ့အလင်းက နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ ပို့သလိုက်ပါ သည်။

မြန်မာ့အလင်းသတင်းစာတိုက်မိသားစု




## တိမ်ထူထပ်နေ

နေပြည်တော် ဒီဇင်ဘာ ၃၁

ဘင်္ဂလား ပင်လယ်အော်အခြေ အနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ဘင်္ဂလားပင်လယ် အော်အလယ်ပိုင်းတွင် တိမ် အနည်းငယ် ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ် နေသည်။ **မိုး/ဇလ**

**၃၁ - ၁၂ - ၂၀၂၄ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၂၈၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - | စိုးစိုးနိုင် | သတင်းထောက်မှူး - | ခင်ရတနာ |
| စာတည်းမှူး - | မြင့်စိုး | အကြီးတန်း - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့ လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အစီကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲ အောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



အင်းလေးရှုခင်း ဓာတ်ပုံ - မျိုးမင်းထိုက်(ပြန်/ဆက်)



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ယနေ့သည် ၂၀၂၄ ခုနှစ်ဟုဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၂၀၂၅ ခုနှစ်ဟုဆိုအပ်သော ကမ္ဘာ့နှစ်သစ်သို့ စတင်ရောက်ရှိသည့် မင်္ဂလာရှိသော နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ ယခုလိုမင်္ဂလာအပေါင်းနှင့်ခညောင်းပြည့်စုံသော ကမ္ဘာ့နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျရောက်ဆဲ, ကျရောက်လတ္တံ့ဖြစ်သော ဘေးဥပါဒ်အန္တရာယ် ရန်စွယ် အပေါင်းမကောင်းဟူသမျှ ပြစ်ဒေါသတို့မှ ကင်းစင်ပကြွလျက် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော အတတ်ပညာ, စည်းစိမ်ချမ်းသာ, ကျော်စောသတင်း, မိတ်ကောင်းဆွေကောင်းများရရှိနိုင်စေရန် -

**"ပညာရှိထံ၊ ရိုကျိုးနွံ၍၊ နည်းခံသင်မှ၊ ပညာရ၏၊ ထကြွဝီရိယ၊ ဥဋ္ဌာနဖြင့်၊ လုံ့လရှိမှ၊ ဥစ္စာရ၏၊ မခွဲနူတ်လျှာ၊ မှန်ကန်စွာလျှင်၊ သစ္စာတည်မှ၊ ကျော်စောရ၏၊ ကိုယ်က ဥစ္စာ၊ စွန့်လွှတ်ကာလျှင်၊ မေတ္တာရှေး၍၊ ပေးကမ်းတတ်မှ၊ မိတ်ဆွေရ၏"** - ဟူသော

မဃဒေဝလင်္ကာသစ်၌ ဘုရားဟောပါဠိတော်နှင့်အညီ မိန့်ဆိုထားသည့်အတိုင်း ပညာရှိထံနည်းနာခံပြီး အတတ်ပညာကိုသင်ယူရန်၊ စည်းစိမ်ချမ်းသာဥစ္စာများရရှိစေနိုင်ရန် ထကြွလုံ့လ ဝီရိယနှင့်ကြိုးစားလုပ်ဆောင်ရန်၊ ကောင်းသတင်းနှင့် ပြည့်စုံရေးအတွက် စကားကိုမှန်ကန်စွာပြောဆို၍ သစ္စာတည်ရန်၊ မိတ်ကောင်းဆွေကောင်းများ ရရှိစေနိုင်ရန် သူတစ်ပါးအပေါ် မေတ္တာထား၍ ပေးကမ်းစွန့်ကြဲရန် လိုအပ်ကြောင်းသိရှိပြီး မိမိတို့ဘဝ၌ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ နေနိုင်ရေးအတွက် ဤကမ္ဘာ့နှစ်သစ် မင်္ဂလာအချိန်အခါမှစ၍ ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လျက် မြန်မာနိုင်ငံနှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံး ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာစွာဖြင့် လိုရာဆန္ဒပြည့်ဝကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသတည်း။ ။

## နန္ဒာအောင်မြေကျောင်း ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တနိမလ (Ph.D Buddhism)၏ ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ယနေ့ဟာ တစ်ကမ္ဘာလုံးအများသုံးဖြစ်သည့် ခရစ်နှစ် ၂၀၂၅ ခုနှစ်၏ နှစ်သစ်မင်္ဂလာအခါသမယနေ့ဖြစ်သည်။ ယခု ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာ အခါသမယနေ့မှစ၍ မြန်မာနိုင်ငံရှိ ရဟန်းရှင်လူ ပြည်သူများ အပါအဝင် ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျန်းမာချမ်းသာ ဘေးရန်ကွာ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နှစ်သစ်ဖြစ်ပါစေ။

ဗုဒ္ဓေါလောကေသမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊ ဧတေနသစ္စဝဇ္ဇေန သောတ္ထိတေ ဟောတု သဗ္ဗဒါ -

လောကတွင် အမြတ်ဆုံးဖြစ်သော ဘုရားမြတ်ရတနာသည် အားလုံးသော သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ လောကတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါပေ၏။ ဤစကားသည် မှန်ကန်ပါ၏၊ ဤမှန်ကန်သောသစ္စာစကားကြောင့် ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး မေတ္တာပွား၍ သတ္တန္တရကပ်ဘေးမှ အခက်အခဲမရှိ အမြန်ဆုံးလွတ်မြောက်ကြပါစေကုန်သတည်း။

ဓမ္မောလောကေသမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ၊ ဧတေနသစ္စဝဇ္ဇေန သောတ္ထိတေ ဟောတု သဗ္ဗဒါ -

လောကတွင် အမြတ်ဆုံးဖြစ်သော တရားတော်မြတ်ရတနာသည် အားလုံးသော သတ္တဝါတို့၏ သုခချမ်းသာအလို့ငှာ လောကတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါပေ၏။ ဤစကားသည် မှန်ကန်ပါ၏၊ ဤမှန်ကန်သောသစ္စာစကားကြောင့် ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး အလောဘတည်းဟူသော တရားကိုပွား၍ ဒုဗ္ဘိက္ခန္တရကပ်ဘေးမှ အခက်အခဲမရှိ အမြန်ဆုံးလွတ်မြောက်ကြပါစေကုန်သတည်း။

သံဃောလောကေသမုပ္ပန္နော အနုတ္တရံပုညက္ခေတ္တံ၊ ဧတေနသစ္စဝဇ္ဇေန သောတ္ထိတေ ဟောတု သဗ္ဗဒါ-

လောကတွင် အမြတ်ဆုံးဖြစ်သော သံဃာတော်မြတ်ရတနာသည် အားလုံးသော သတ္တဝါတို့၏ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေအဖြစ် လောကတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါပေ၏။ ဤစကားသည် မှန်ကန်ပါ၏၊ ဤမှန်ကန်သောသစ္စာစကားကြောင့် ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး အမောဟတည်းဟူသော တရားကိုပွား၍ ရောဂန္တရကပ်ဘေးမှ အခက်အခဲမရှိ အမြန်ဆုံးလွတ်မြောက်ကြပါစေကုန်သတည်း။

ဧတေန သစ္စဝဇ္ဇေန - ဤသို့မှန်စွာဆိုရသော သစ္စာစကားကြောင့် ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်ကြီးပွား ငြိမ်းချမ်းသာယာကြပါစေကုန်သတည်းဟူ၍ နှစ်သစ်မင်္ဂလာဆုတောင်းပတ္ထနာပြုလိုက်ပါသည်။




## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၃၁** - နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့် အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော် အရှင်ဉာဏိဿရ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိသီတဂူဆရာတော်ကြီး၏ နှစ်သစ်ကူးဩဝါဒကထာ



မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကမ္ဘာလောကကြီးကို တစ်နေ့ သုံးကြိမ် ကြည့်တော်မူတယ်။ ဘာကြောင့်ကြည့်သလဲဆိုရင် မြတ်စွာဘုရား၏ ကျင့်စဉ်ကြီးသုံးရပ်ထဲမှာ ဗုဒ္ဓတ္ထစရိယ – ဘုရားဖြစ်အောင်ကျင့်ခြင်း၊ ဉာတတ္ထစရိယ – မိမိရဲ့ မိဘက် ဖဘက်၊ နှစ်ဖက်က ဆွေမျိုးတွေ ချမ်းသာအောင် ကျင့်ခြင်း၊ ဆွေမတော် မျိုးမတော်သော ပုဂ္ဂိုလ်တွေ ဘဝသံသရာ တစ်လျှောက်လုံးမှာတော့ တော်ခဲ့ဖူးကြမှာပါ။ လောကတ္ထစရိယ – တစ်လောကလုံးရဲ့ အကျိုးစီးပွားအတွက် ကျင့်တော်မူခြင်းဆိုတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ရည်ရွယ်ချက်ကြီးသုံးပါးပေါ့။ ယနေ့ဆိုရင် ‘စရိယသုံးပါး’ ‘ကျင့်စဉ်ကြီးသုံးရပ်’ ဆိုတာ ရှိပါတယ်။

အဲဒီကျင့်စဉ်ကြီးသုံးရပ်ထဲမှာ လောကတ္ထစရိယ – တစ်လောကလုံးရဲ့အကျိုးစီးပွားကို ကျင့်တော်မူသော မြတ်စွာဘုရားက မိမိကျင့်ဆောင်ပေးမယ့် အကျိုးဖြစ်အောင် ကျင့်ဆောင်ပေးမယ့် ကောင်းကျိုးဖြစ်အောင် ကျင့်ဆောင်ပေးမယ့် သတ္တလောကကြီးဟာ ဒီကနေ့ ဘာဖြစ်နေလဲဆိုတာကို နေ့သုံးကြိမ် ညသုံးကြိမ် မြတ်စွာဘုရားက ကြည့်တော်မူတယ်။

“သတ္တာ အတ္တနော သာဝကေ ရတ္တိယာ တယော ဝါရေ, ဒိဝသဿ တယော ဝါရေတိ ရတ္တိန္ဒိဝံ ဆ ဝါရေ ဩလောကေန္တော ....” လို့ အဋ္ဌကထာများက ဆိုတယ်။ မြတ်စွာဘုရားက နေ့သုံးကြိမ် ညဉ့်သုံးကြိမ် နေ့တိုင်းနေ့တိုင်း ခြောက်ကြိမ် သတ္တလောကကြီးကို ကြည့်တော်မူတယ်။ ဘယ်လိုကြည့်သလဲလို့ဆိုတော့ ကရုဏာသမာပတ်ဝင်စားပြီးတော့ ကြည့်တယ်။ စျာန်သမာပတ်မဟုတ်ဘူး၊ ရူပါဝစရ အရူပါဝစရသမာပတ် မဟုတ်ဘူး။ ကရုဏာသမာပတ်၊ ‘ကရုဏာ’ ဆိုတာက ဒုက္ခဖြစ်နေတဲ့သတ္တဝါတွေရဲ့ ဒုက္ခကို ပယ်ဖျောက်ပေးလိုသော စိတ်ထား။ ဒီကနေ့ ကမ္ဘာလောကကြီးမှာဖြစ်နေတာ နိုင်ငံတော်မှာဖြစ်နေတာက တစ်ယောက်ဒုက္ခကို တစ်ယောက် ပယ်ဖျောက်ပေးလိုသော စိတ်ထားတွေ ကင်းပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ပိုဒုက္ခရောက်စေချင်တဲ့စိတ်တွေက များနေတယ်။

‘ကရုဏာ’ဆိုတာက သူတစ်ပါးဒုက္ခကို ပယ်ဖျောက်ပေးတယ်၊ ဘယ်လိုသူတစ်ပါးကိုပဲဖြစ်ဖြစ် ဆွေမျိုးတော်တော် မတော်တော် မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ‘စရိယသုံးပါး’အရ လောကတ္ထစရိယ တစ်လောကလုံးအကျိုးဖြစ်အောင် ဒုက္ခဖြစ်နေတဲ့ သတ္တဝါတွေ အဲဒီဒုက္ခမှ လွတ်မြောက်အောင် ငါဘယ်လို လုပ်ပေးရမလဲ၊ ကရုဏာသမာပတ် ဝင်စားပြီးတော့ ကြည့်တယ်။ မြတ်စွာဘုရား မဟုတ်ရင်တော့၊ ရဟန္တာ မဟုတ်ရင်တော့ သတ္တလောက ကမ္ဘာကြီးတစ်ခုလုံး ဒုက္ခဖြစ်နေပြီလို့ မြင်ရင် စိတ်ဓာတ်တွေ ထိခိုက်တယ်၊ ကရုဏာဖွင့်ပြတဲ့ ကရုဏာအကြောင်းကို အကျယ်တဝင့် ဖွင့်ပြတဲ့ အဋ္ဌကထာကြီးတွေမှာ ပြောတယ်။ သူတစ်ပါးတွေ ဒုက္ခဖြစ်ကြပြီဆိုရင် ယုတ်မာတဲ့စိတ်ရှိတဲ့သူတွေကတော့ ဝမ်းမြောက်တယ်။ သူတော်ကောင်းစိတ်ရှိတဲ့ ပုဂ္ဂိုလ်ကတော့ စိတ်ဓာတ်တွေ တုန်လှုပ်ချောက်ချားပြီးတော့ သူတို့ ဒုက္ခကို ငါဘယ်လို ဖယ်ရှားပေးရမလဲဆိုတဲ့ စိတ်ဓာတ်တွေ ဝင်လာတယ်။ အဲဒါ ‘ကရုဏာ’၊ မြန်မာတွေ ပြောနေတဲ့ ‘သနားတယ်’ ဆိုတဲ့ အဓိပ္ပာယ်ဟာ အဲဒါပဲ။ သူတော်ကောင်းတွေရဲ့စိတ်ဓာတ်တွေ တုန်လှုပ်လာပြီးတော့ သူတို့ရဲ့ဒုက္ခကို ဘယ်လိုပယ်ဖျောက်ပေးရမလဲဆိုတဲ့ စိတ်ဓာတ်တွေ ဝင်လာပြီ၊ ဒီကနေ့ အဲလိုစိတ်ဓာတ်မျိုးတွေ ဝင်လာဖို့ အရေးကြီးနေတာ။

ဒီကနေ့ မြန်မာနိုင်ငံတော် ကမ္ဘာတစ်ဝန်းလုံးမှာလည်း ဒီအတိုင်းပဲ၊ သူတို့ဟာနဲ့သူတို့ အသီးသီးရှိကြတယ်။ မြတ်စွာဘုရား ကိုယ်တော်မြတ်က တစ်နေ့သုံးကြိမ် ကရုဏာသမာပတ်ဝင်စားပြီးတော့ လောကကြီးကြည့်လိုက်တဲ့အခါမှာ အဋ္ဌကထာ ဋီကာတို့ မိန့်ဆိုချက်အရ တိုတိုချုံ့လိုက်ရင် သုံးမျိုးမြင်တတ်တယ်။ တစ်မျိုးက ကာမဂုဏ်စိတ်တွေ၊ ‘ကာမ’ဆိုတာက ယောကျ်ား, မိန်းမ နှစ်ဦးသားတို့ရဲ့ အပြန်အလှန်ဖြစ်ကြတဲ့ စိတ်ဓာတ်တစ်ခုထဲကိုပဲ ‘ကာမ’ လို့ ခေါ်လို့မရဘူး၊ အဲ့ဒါကတော့ အဆိုးဆုံး ‘ကာမ’ ပေါ့၊ မျက်စိထဲ မြင်တာတွေ အကုန်ကြိုက်၊ နားနဲ့ ကြားတာတွေ အကုန်ကြိုက်၊ မကောင်းတဲ့ ရှူစရာတွေ အကုန်ကြိုက်၊ စားစရာ အကုန်ကြိုက်၊ ဝတ်စရာ အကုန်ကြိုက်၊ ဒီငါးမျိုးကို ‘ကာမ’ ခေါ်တယ်။ အဲ့ဒီ ကာမဝတ္ထုတွေကို ရရှိဖို့ ဖောက်ဖောက်ပြန်ပြန် စိတ်ဓာတ်တွေဝင်စားတယ်။ တဏှာလောဘတွေ ဝင်စားပြီးတော့ ဖောက်ပြန်တဲ့စိတ်တွေနဲ့ ကာမဂုဏ်တွေကို လွန်ကျူးကုန်ကြတယ်။ ဥပမာ သူများပစ္စည်းခိုးသွားတယ်၊ ရွှေတွေ ဓားပြတိုက်သွားတယ်၊ စီးပွားရေးကျူးကျော်မှုတွေ ဖြစ်လာတယ်၊ ဈေးနှုန်းတွေ မြင့်လာတယ်၊ ဒါတွေဟာ ကာမဂုဏ်မှာ ဖောက်ပြန်တဲ့ စိတ်တွေပဲ။ ဈေးနှုန်းတွေမြင့်တယ်ဆိုတာ လောဘကြီးလာတာပဲ။ ‘ဘယ်သူပဲကုန်ကုန် ငါမြတ်ရင်ပြီးတာပဲ’ဆိုတဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်ဓာတ်၊ ကာမဂုဏ် ငါးပါးအပေါ်မှာ ဖောက်ပြန်လွန်ကျူးကုန်ကြပြီလို့ မြတ်စွာဘုရားက မြင်လာရင် ဒကာ ဒကာမတွေကိုပဲဖြစ်ဖြစ် သံဃာတော်တွေကိုပဲဖြစ်ဖြစ် ဆုံးမချက်တစ်ခုပေးတယ်။ ကာမဂုဏ် ဖောက်ပြန်လွန်ကျူးတဲ့ စိတ်ဓာတ်တွေလွန်ကဲလို့ ကမ္ဘာကြီးဒုက္ခဖြစ်နေတဲ့အချိန်မှာ ‘ဒိဗ္ဗဝိဟာရ’နဲ့ နေကြတဲ့။ နေနည်းပေးသွားတယ်။ မနေတတ်ရင် ဟိုထဲပါ ဒီအထဲပါနဲ့ အကုန်လုံးဒုက္ခဖြစ်ရတယ်။ ‘ဒိဗ္ဗဝိဟာရ’ ဆိုတာ တည့်တည့်ပြောရင် သမာဓိထူထောင်ပြီးတော့ စိတ်ဓာတ် ခိုင်ခိုင်ခံ့ခံ့နဲ့ နေကြ။

ဥပမာဆိုပါစို့၊ အာဏာပါဝါတွေ ဒီအတိုးအဆုတ်ကိစ္စတွေမှာလည်းပဲ စိတ်ဓာတ်ခိုင်ခိုင်ထားပြီးတော့ နေနိုင်မှ၊ မဟုတ်ရင် ရာထူးအာဏာပါဝါကြောင့်လည်း ဒုက္ခဖြစ်တတ်တယ်။ စီးပွားရေးနဲ့ ပတ်သက်လာရင် လောဘကို ထိန်းနိုင်မှ၊ မထိန်းနိုင်ရင်လည်း ဒုက္ခဖြစ်တတ်တယ်။ အဲဒါကြောင့် ကာမဂုဏ်တွေ ဖောက်ပြန် တဏှာလောဘတွေလွန်ကဲလို့ နိုင်ငံရေးဖောက်ပြန်မှု၊ အာဏာပါဝါ ဖောက်ပြန်မှု၊ စီးပွားရေးဖောက်ပြန်မှုတွေ ဖြစ်လာတဲ့အခါမှာ သမာဓိခိုင်ခိုင်ထား စိတ်ဓာတ် ကြံ့ကြံ့ခိုင်ခိုင်နဲ့ နေကြ၊ သမာဓိထူထောင်ပြီးတော့ နေကြလို့ ကောင်းလွန်းလို့လည်း မတက်ကြွနဲ့၊ မြင့်လွန်းလို့လည်း ဝမ်းမမြောက်နဲ့၊ ဆိုးလွန်းလို့လည်း စိတ်မပျက်နဲ့၊ အကောင်းဆုံးအခြေအနေနဲ့ အဆိုးဆုံးအခြေအနေနှစ်ခုကြားမှာ Balance ဖြစ်အောင် စိတ်ဓာတ်ကို ထိန်းပြီးတော့နေရမယ်။ သမာဓိမရှိရင်မနေနိုင်ဘူး။ အဲဒီတော့ သမာဓိထူထောင်ပြီးတော့နေကြတဲ့။ ကာမတဏှာလွန်ကဲတဲ့အချိန်မှာ သမာဓိထူထောင်ပြီးတော့နေကြလို့ ဘုရင်ကြီးတစ်ပါးကို ဟောပေးတယ်။

စကြဝတေးမင်းကြီးများဆိုရင်တော့ တစ်ကမ္ဘာလုံးအုပ်စိုးနိုင်တယ်ဆိုတာ ပါဠိတော်တွေမှာ လာတယ်။ စကြဝတေးကလာလို့ ဒေဝရာဇာဆိုတာလဲ နတ်မင်းတွေ၊ ဥပမာအားဖြင့် အသုရာ နတ်မင်းကြီးနဲ့ ‘မာဃ’ခေါ်တဲ့ သိကြားမင်းကြီးနဲ့ သခွတ်ပွင့်တိုင်း လက်ပံပွင့်တိုင်း ထထ စစ်တိုက်ကြတယ်။ အဲဒါ ‘ဣဿရိယ’တွေပဲ၊ ‘မေရု’ ဆိုတဲ့ မြင့်မိုရ်တောင်ထိပ်မှာ မင်းလုပ်ချင်ကြတယ်။ ဗြဟ္မာတွေကတော့ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ၊ ဒီတရားလေးပါး တစ်ပါးပါး ပွားပြီးတော့ နေကြတာမို့လို့ ဗြဟ္မာတွေမှာ စစ်ဖြစ်တာမရှိဘူး။ နတ်တွေကျတော့ ကာမနဲ့ ကာမဂုဏ်ရဲ့ အထွတ်အထိပ်ကို ရောက်ချင်တဲ့အတွက် ကာမဂုဏ်ခံစားပြီးတော့နေကြတဲ့ သတ္တဝါမျိုးဖြစ်လို့ ကာမဂုဏ်ကိစ္စမှာ သူတို့ကတော့ ခဏခဏစစ်ဖြစ်တယ်။ နတ်တွေ အမြင့်ဆုံးနေရာမှာ မင်းလုပ်ဖို့ အာဏာလုတဲ့ စစ်ပွဲကြီး၊ အသုရာတွေနဲ့ တာဝတိံသာနတ်တွေ စစ်ဖြစ်ကြသလိုပဲ လူ့ပြည်မှာလည်းပဲ ဒီအာဏာ တန်ခိုးနဲ့ အဆိုးဘက်က ဖြေရှင်းလာတယ်။ အာဏာပါဝါအတွက် လုကြတဲ့စစ်ပွဲတွေ ကမ္ဘာကြီးမှာဖြစ်နေပြီဆိုရင် အဲဒါကို မြင်တော်မူသော မြတ်စွာဘုရားက သံဃာတော်တွေကို ချက်ချင်းအစည်းအဝေးခေါ်ပြီးတော့ “လူ့လောကကြီးမှာတော့ အာဏာရဖို့အတွက် စစ်ပွဲတွေ ဖြစ်ကုန်ပြီ၊ မင်းတို့တစ်တွေ ကရုဏာဝိဟာရနဲ့နေကြ၊ ဗြဟ္မဝိဟာရနဲ့ နေကြ။”လို့ ဒီလိုမိန့်တယ်။ ကာမဂုဏ် လွန်ကဲတဲ့ခေတ်မှာ သမာဓိနဲ့ နေ၊ အာဏာတွေဖောက်ပြန်နေတဲ့ စစ်ပွဲဖြစ်နေတဲ့ကာလမှာ မြတ်စွာဘုရားက ဗြဟ္မဝိဟာရနဲ့ နေတတ်ဖို့ အဲဒီဗြဟ္မဝိဟာရ လေးပါးထဲက အဓိကကျတဲ့ မေတ္တာနဲ့ နေကြ၊ မေတ္တာဟာ ဘာလုပ်တာလဲဆိုရင် မုန်းတီးခြင်းနဲ့ စိတ်ဆိုးခြင်း၊ စိတ်တိုခြင်းကို ထိန်းတဲ့အကျင့်ပေါ့။ ဒါသူတော်ကောင်း သူတော်မြတ်တို့ရဲ့နေခြင်း၊ မုန်းတီးခြင်း စိတ်တိုခြင်းနဲ့ စိတ်ဆိုးခြင်းတို့ကို ထိန်းတဲ့အကျင့်ဟာ သူတော်ကောင်း သူတော် သူမြတ်တို့ရဲ့နေခြင်းကို ‘ဗြဟ္မဝိဟာရ’ လို့ ခေါ်တယ်။

သံဃာတော် အရှင်မြတ်တွေကို ဗြဟ္မဝိဟာရနဲ့နေကြ၊ လောကမှာရှိတဲ့လူတွေကိုလည်း သာဝတ္ထိမှာနေနေ ဇေတဝန်မှာနေနေ၊ ရောက်တဲ့နေရာတိုင်းမှာ မြတ်စွာဘုရားက ဒါကိုပဲ မိန့်တယ်။ ကောသလမင်းကြီးကိုလည်း ဒီလိုပဲ မိန့်တယ်၊ မဂဓမင်းတွေကိုလည်း ဒီလိုပဲ မိန့်တယ်၊ ဝေသာလီက လိစ္ဆဝီတွေကိုလည်း ဒီလိုပဲ မိန့်တယ်၊ ဆွေမျိုးတွေဖြစ်တဲ့ သာကီဝင်တွေ၊ ကောလိယဝင်တွေကိုလည်းပဲ မင်းတို့ဆွေမျိုးအချင်းချင်း ရန်မဖြစ်ကြနဲ့၊ ဗြဟ္မဝိဟာရ တရားပွားပြီးတော့ နေကြတဲ့။ ‘ဗြဟ္မဝိဟာရ’ဆိုတာ သူတစ်ပါးကောင်းကျိုးလိုလားတဲ့ စိတ်ဓာတ်၊ သူတစ်ပါးကောင်းကျိုးလိုလားတဲ့ စိတ်ဓာတ်ဟာ မေတ္တာပဲ။

သာကီဝင်နဲ့ ကောလိယဝင်တွေ ‘ရောဟိနီ’က ရေလုတဲ့စစ်ပွဲမှာ မြတ်စွာဘုရားမိန့်သွားတဲ့ စကားရပ်တွေ အများကြီးထဲက သုတ္တန်ခြောက်ခု၊ အဲဒီသုတ္တန်ထဲက ဇာတ်တော်တွေ စုစုပေါင်းခြောက်ခု အဲဒီမှာဟောတယ်။ အဲဒီထဲက စကားလုံးလေး တစ်လုံး ဘယ်လောက်ကောင်းသလဲဆိုရင် “ရန်ပြုလာတဲ့ ပုဂ္ဂိုလ်တွေကို ရန်တုံ့မပြန်ဘဲ နေနိုင်ရင် ချမ်းသာစွာ နေရမယ်။ တစ်ကမ္ဘာလုံးရန်ဖြစ်နေရင် ရန်ဖြစ်တဲ့အထဲ မပါဘဲနေနိုင်ရင် ချမ်းသာစွာနေရမယ်။” ဒါ ‘ရောဟိနီ’ ရေလုတဲ့ စစ်ပွဲမှာ မြတ်စွာဘုရား မိန့်တော်မူတဲ့စကား။

ရောဟိနီမြစ်အရှေ့ဘက်ခြမ်းကို ကောလိယတိုင်းခေါ်တယ်။ အနောက်ဘက်ခြမ်းကို သာကိယတိုင်း၊ ကျွန်းတောရှင်းပြီးတော့ ရွှေနန်းတော်ဆောက်ပြီး နိုင်ငံတည်ထားတယ်၊ သူတို့အားလုံးဟာ ညီအစ်ကိုမောင်နှမ အချင်းချင်းတွေပဲ။ ဒါပေမယ့် အမြင်က ကျဉ်းမြောင်းလာတယ်၊ ရောဟိနီမြစ်ထဲက ရေကို ငါသာလျှင် ရချင်တယ်ဆိုတဲ့ စိတ်ဓာတ်က ဒီနှစ်နိုင်ငံသားတွေကြားမှာ ဝင်လာတယ်၊ သူတို့ မရစေချင်ဘူး မြန်မာလိုပြောရင်တော့ ‘ဣဿာ’ တရားက လူသားတွေရဲ့ အဆိပ်၊ အဆိပ်သင့်ပြီဆိုရင်တော့ သေဖို့သာပြင်ထား။

ဒီကနေ့ ကမ္ဘာကြီးကိုကြည့်လိုက်ရင် အဆိပ်သင့်တယ်၊ ‘ဣဿာ’ ဆိုတာ သူတစ်ပါးတို့ရဲ့ တိုးတက်အောင်မြင်ခြင်းတွေကို လက်မခံနိုင်ဘူး။ ‘မစ္ဆရိယ’ ဆိုတာ ငါသာလျှင် အမြတ်ရချင်တယ်၊ ဣဿာ, မစ္ဆရိယဆိုတာ လောကကြီးရဲ့အဆိပ်၊ အဲဒီအဆိပ်ကိုဖြေဖို့ စိတ်ဖြေဆေးကတော့ ‘ဗြဟ္မဝိဟာရ’ပဲ ဖြစ်ပါတယ်။ ကမ္ဘာကြီး ဣဿာ, မစ္ဆရိယတွေ ဝင်ပြီးတော့ သတ်ကြဖြတ်ကြတယ်၊ အဆိပ်သင့်တာကို မြင်တော်မူသော မြတ်စွာဘုရားက သံဃအစည်းအဝေး ချက်ချင်းခေါ်ပြီးတော့ ဗြဟ္မာဝိဟာရတရားလက်ကိုင်ထား မေတ္တာပွားကြတဲ့၊ ကရုဏာပွားကြ၊ ‘မေတ္တာ’ဆိုတာက ဒေါသကိုထိန်းချုပ်တယ်၊ ကရုဏာဆိုတာက ဒုက္ခရောက်တဲ့ပုဂ္ဂိုလ်တွေကို စောင့်ရှောက်အကူအညီပေးတယ်၊ ပိုပြီးတော့ ဒုက္ခဖြစ်အောင် မလုပ်ဘူး။ ဒေါသကို ထိန်းနိုင်ရင် ဘယ်သူမှ ဒုက္ခမဖြစ်ဘူး။ အဲဒါကြောင့် ကမ္ဘာလောကကြီး ဣဿာ, မစ္ဆရိယအဆိပ်သင့်လို့ ဒေါသ အာဃာတတွေ လွန်ကဲနေပြီ၊ သတ်ဖြတ်နှိပ်စက်နေတာကိုမြင်တော်မူသော မြတ်စွာဘုရားက ဗြဟ္မဝိဟာရနဲ့ နေကြ၊ မွန်မွန်မြတ်မြတ် သူတော်သူမြတ်တွေနေသလို မေတ္တာ, ကရုဏာပွားပြီးတော့နေကြလို့ ဒုတိယနေနည်း မိန့်တော်မူတယ်။ “နေနည်းနှစ်ပါး” ရပါတယ်။

ပထမပြောသွားတာက ကာမဂုဏ်တွေ လွန်ကဲတဲ့ခေတ်၊ တည့်တည့်ပြောရရင် စီးပွားရေးတွေ အလွန်သောင်းကျန်းတဲ့ခေတ်၊ အာဏာပါဝါတွေရဲ့ ကိစ္စတွေ အလွန်သောင်းကျန်းပြီး လောဘ တွေသောင်းကျန်းနေတဲ့ခေတ်ကြီးမှာ သမာဓိခိုင်ခိုင်ထားပြီး နေကြ၊ ဒါကို ‘ဗြဟ္မဝိဟာရ’လို့ ခေါ်တယ်။

နောက်တစ်ခုကတော့ ဣဿာ, မစ္ဆရိယလို့ခေါ်တဲ့အဆိပ်တွေ သင့်ပြီးတော့ သတ်ကြဖြတ်ကြတယ်၊ လုကြယက်ကြတယ်၊ ဒေါသတွေ လွန်ကဲပြီးတော့ ကမ္ဘာလောကကြီး သတ္တဝါတွေ အသေအပျောက်များပြီးဆိုရင် မေတ္တာ, ကရုဏာနဲ့နေကြ၊ ဗြဟ္မဝိဟာရနဲ့ နေကြ။ သံဃာတော်တွေကလည်း မြတ်စွာဘုရားရဲ့ထံမှာ ထောင်သောင်းချီပြီးတော့ ရှိကြတော့ အစုလိုက်အပြုံလိုက် ရဟန္တာကြီးတွေ မေတ္တာပွားကြတော့ ဒီလိုစစ်ပွဲတွေဟာ ငြိမ်သွားကြတယ်။

စာမျက်နှာ ၅ သို့

*စာမျက်နှာ ၄ မှ*

နောက်တတိယအချက်ကတော့ ‘ဣဿရိယ’၊ အာဏာရဖို့ရန် အတွက် ဖောက်ပြန်စွာ ကျင့်ရတယ်ဆိုရင် ဘာသာရေးငြင်းခုံမှုကို ပြောတယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ လက်ထက်တော် ကာလမှာ ဆဗ္ဗဂ္ဂီဆိုတဲ့ သံဃာတော်တွေရှိကြတယ်။ ‘ဆဗ္ဗဂ္ဂီ’ဆိုတဲ့ စကားလုံးကြားလိုက်ရင် ဘုန်းကြီးတို့ ပရိသတ်နားထဲမှာ မရိုင်းပါဘူး၊ ‘ပဥ္စဝဂ္ဂီ’နဲ့ ခပ်ဆင်ဆင်ပဲ၊ အကျင့်ကတော့ ဆီနဲ့ ရေလိုပဲ၊ ‘ပဥ္စဝဂ္ဂီ’က သူတော်ကောင်းတွေ၊ ဆဗ္ဗဂ္ဂီကလည်း သမိုင်းဝင်ပဲ။ အကောင်းဘက်က သမိုင်းဝင်တာ ‘ပဥ္စဝဂ္ဂီ’၊ ပဥ္စဂ္ဂီတို့ကို မြတ်စွာဘုရားက စ,ပြောတာက “အစွန်းနှစ်ဘက် လွတ်အောင်ရှောင်ကြ၊ အစွန်းရောက်ရင် အဆိပ်သင့် လိမ့်မယ်၊ ဒီကနေ့ကြည့်ရင် တဏှာလောဘအစွန်းရောက်တော့ စီးပွားရေး အဆိပ်သင့်တယ်၊ ဒေါသအစွန်းရောက်တော့ နိုင်ငံရေး အဆိပ်သင့်တယ်၊ အဲဒါကြောင့်မို့ လုံးဝအစွန်းမရောက်စေနဲ့။ ‘မၛ္ဈိမ ပဋိပဒါ’ အလယ်အလတ်လမ်းက သွား၊ ကာယကံ ထိန်း၊ မလွန်ကျူးမိ စေနဲ့။ ‘ဝစီကံ’ ပါးစပ်ပေါက်ထိန်း၊ မလွန်ကျူးမိစေနဲ့။ ‘မနောကံ’ စိတ်ထိန်း၊ မလွန်ကျူး မိစေနဲ့။ ကိုယ်, နှုတ်, နှလုံး သုံးပါးထိန်းနိုင်ခြင်း ဟာ ‘မၛ္ဈိမပဋိပဒါ’ပဲ။ မဂ္ဂင်ရှစ်ပါးဆိုတာ ဒါပဲ။

‘ဆဗ္ဗဂ္ဂီ’ဆိုတဲ့ပုဂ္ဂိုလ်တွေက ခြောက်ပါးအုပ်စု၊ သာသနာမှာ မကောင်းတာမှန်သမျှ သူတို့လုပ်ဖို့ရန် လွယ်လွယ်လေးပဲ၊ နှစ်ရာ့ နှစ်ဆယ် ခုနစ်သွယ်သိက္ခာပုဒ်တွေထဲမှာ သိက္ခာပုဒ် တစ်ဝက်လောက် က သူတို့လွန်ကျူးသွားတာ၊ အဲဒါကြောင့် သိက္ခာပုဒ်တွေ များများလာ တာဟာ လွန်ကျူးတဲ့ပုဂ္ဂိုလ်တွေ များများလာလို့။ ကြည့်လိုက်ရင် ခြောက်ပါးအုပ်စုရဲ့ လွန်ကျူးမှုတွေကြောင့် မြတ်စွာဘုရား ပညတ် ရတယ်။ လောကကြီးမှာလည်း အုပ်စုတွေ ဒီလိုပဲ ဖွဲ့နေကြတယ်၊ နိုင်ငံရေးပါတီတွေ ကြည့်လိုက်ရင် မရေမတွက်နိုင်ဘူး။ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ နိုင်ငံရေးပါတီတွေဟာ အစုလိုက် အစုလိုက် ‘ဝဂ္ဂီ’တွေပဲ၊ အဲဒီလို အုပ်စုတွေဖွဲ့ပြီးတော့ ကမ္ဘာလောကကြီးမှာ လွန်ကျူးကုန်ကြ တာ၊ အာဏာပါဝါအတွက် လွန်ကျူးကြတာ၊ အဲဒီလို ကာမဂုဏ်လွန်ကဲ တဲ့ခေတ်မှာ သမာဓိနဲ့ နေ၊ စိတ်ခတ်ခိုင်မာမှ ကာမဂုဏ်ရဲ့ ရိုက်ခတ်ခြင်းကို ခံနိုင်မယ်၊ အာဏာပါဝါအတွက် ‘ဣဿာ, မစ္ဆရိယ’ ဆိုတဲ့ အဆိပ်တွေ သင့်ပြီဆိုလို့ရှိရင် မေတ္တာနဲ့ နေ၊ ကရုဏာနဲ့နေ။ အခု တတိယပြောတာက ဘာသာရေး ရဟန်းတွေထဲမှာ ဓမ္မ, အဓမ္မ ငြင်းခုံကြပြီ၊ ဒေဝဒတ်ကလည်း ဘုရားသတ်ဖို့အထိ ကြံတာကို အကုန် လုံးသိပြီးသား၊ သူ့မှာလည်း နောက်လိုက်တပည့် ငါးရာရှိတယ်၊ သတ်ဖို့အထိ ကြံတာမဟုတ်ဘူး၊ မဟုတ်တာလုပ်ဖို့ရာ အဖွဲ့ကလည်း ခြောက်ပါးရှိတယ်၊ အဲဒါကြောင့် ပထမသင်္ဂါယနာတင်တော့ ရာဇဂြိုဟ် မှာ လက်ရွေးစင်သံဃာ ငါးရာပဲ ဝါကပ်ရမယ်၊ အခြားသံဃာတွေ မကပ်ရဘူးဆိုပြီး မင်းအာဏာနဲ့ သုံး၊ ကမ္မဝါဖတ်ပြီး အကုန် ဖယ်ထုတ်ယူရတယ်။ အဲဒါကြောင့် ပထမသင်္ဂါယနာတင်ပွဲမှာ အနှောင့်အယှက်ကင်းကင်းနဲ့ ထေရဝါဒ သံဃာငါးရာ စနစ်တကျ အောင်မြင်တဲ့ ပထမသင်္ဂါယနာပွဲကြီးကို တင်နိုင်ခဲ့တယ်။

မြတ်စွာဘုရားရဲ့စကားအစစ်တွေကို အကုန်လုံးစုစည်းရွေးချယ် ပြီးတော့ သဘောတူညီချက်ယူခဲ့တာ၊ သဘောတူအတည်ပြုရင် ရွတ်ပြဆိုပြီးတော့ သံဃာငါးရာ ဝိုင်းရွတ်တာ၊ ဒါကို ‘သင်္ဂါယနာ’ ခေါ်တယ်။ ‘သင်္ဂါယနာ’ ဆိုတာ စုပေါင်းရွတ်တာ၊ ဘုရားစကားတွေ အကုန်အတည်ဖြစ်တာ အဲဒါ “ထေရဝါဒ”ပဲ။

ဒါပေမယ့် အဲ့ဒီ ‘ထေရဝါဒ’ပိဋကတ်တွေဟာ နှစ်တစ်ရာပဲ ခံတယ်၊ ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက် နှစ်နှစ်ရာမြောက်တော့ ဝေသာလီ မှာပေါ်လာပြီ၊ ထေရဝါဒပိဋကတ်ဆိုတာ တကယ်အကုန်လုံးမှန်တာ မဟုတ်ဘူး၊ ဟိုဟာ ပြင်မယ်၊ ဒီဟာပြောင်းမယ်၊ ဖြုတ်မယ်၊ ထုတ်မယ်၊ ဒီလိုတွေဖြစ်လာပြီ။ သိက္ခာပုဒ်အငယ်စားတွေကို ထုတ်ပစ်မယ်၊ အဘိဓမ္မာသမားတွေကလည်း ပြင်မှကောင်းမယ်ဆိုပြီး ထေရဝါဒ ဂိုဏ်းထဲမှာဖြစ်လာတာ။ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်တွေဟာဆိုရင် အစဉ်အဆက်ပြန့်ပွားလာတဲ့ ဒေဝဒတ်ရဲ့ တပည့်ဟောင်းတွေပဲ ဖြစ်တယ်။ ဝေသာလီမှာ မူလ ဗုဒ္ဓဝါဒကို ဆက်လက်ပြီး မူရင်းအတိုင်း ထိန်းသွားမယ့်ဂိုဏ်းက ‘ထေရဝါဒ’ဂိုဏ်း၊ ပြန်လည်ပြင်ဆင်ရေးဝါဒကို ကြိုက်တဲ့ဂိုဏ်းက ‘မဟာသံဃိက’ဂိုဏ်း။ နှစ်တစ်ရာမှာ နှစ်ဂိုဏ်း ကွဲတယ်၊ နောက်ဆက်ပြောမယ်ဆိုလို့ရှိရင် နှစ်သုံးရာလောက်ရောက် တော့ သီရိဓမ္မာအသောကမင်းလက်ထက်မှာ တစ်ဆယ့်ရှစ်ဂိုဏ်းကွဲ တယ်၊ ဒီဂိုဏ်းကွဲတွေအကြောင်း အသေးစိတ်ပြထားတယ်။

အဲဒီတော့ဆိုချင်တာက ဘာလဲဆိုရင် ဘာသာရေးဂိုဏ်းကွဲတွေ၊ ဒါက ဗုဒ္ဓဘာသာအကြောင်းပြောတာ၊ ခရစ်ယာန်ကြည့်လိုက်ရင် လည်း ဂိုဏ်းကွဲတွေချည်းပဲ၊ အစ္စလာမ်ဆိုရင်လည်း ဒီလို ဂိုဏ်းကွဲ တွေချည်းပဲ၊ ဟိန္ဒူဂိုဏ်းကွဲတွေ ပိုတောင်များသေး၊ ဘယ်ဘာသာရေး မဆို အကုန်လုံးအကွဲအပြဲရှိတယ်၊ အဲဒါကြောင့် ဂိုဏ်းကွဲရင် ဝါဒတွေ လည်း ကွဲတာပဲ၊ မြတ်စွာဘုရားက တိုက်ရိုက် ဟောထားတာကတော့ တခြားဘာသာတွေအကြောင်း မပြောဘူး၊ “ရဟန်းတို့၊ လောကမှာ ဓမ္မနဲ့အဓမ္မ ငြင်းကြခုံကြပြီဆိုရင် အငြင်းအခုံထဲမပါအောင် အရိယ ဝိဟာရနဲ့နေကြ” လို့ မိန့်တော်မူတယ်။

အရိယာတို့ရဲ့ နေကြထိုင်ကြတာဟာ အငြင်းအခုံကိုမရှိဘူး၊ အရိယာက ပညာတတ်ထားတာက ဆုံးနေပြီ၊ နိဗ္ဗာန်ကို မြင်ပြီး ကုန်ပြီ၊ နိဗ္ဗာန်ကိုမြင်ပြီးတဲ့ အရိယာဟာ အငြင်းအခုံမရှိဘူး၊ ပညာနဲ့ နေတာ။

“နေနည်းသုံးပါး” ဘာသာရေးအငြင်းအခုံထဲမှာလည်း မပါနဲ့၊ နိုင်ငံရေးအငြင်းအခုံထဲမှာ လည်းမပါနဲ့၊ စီးပွားရေးငြင်းခုံမှုတွေထဲမှာ လည်း မပါနဲ့၊ လောကကြီးမှာ ပထမ စီးပွားရေးငြင်းခုံမှုထဲမှာ မပါရ အောင် စိတ်ခတ်ခိုင်ခိုင်ခံ့ခံ့နဲ့ နေကြ၊ ဒုတိယ နိုင်ငံရေးငြင်းခုံမှု အာဏာပါဝါတွေထဲမှာ ဣဿာ, မစ္ဆရိယ အဆိပ်သင့်တဲ့အထဲ မပါရ အောင် မေတ္တာ ကရုဏာနဲ့နေကြ၊ တတိယ ဘာသာရေးငြင်းခုံမှုတွေထဲ မှာ မပါရအောင်ကတော့ အရိယာတွေနေသလို ပညာနဲ့နေကြ၊ “နေနည်းသုံးပါး” မြတ်စွာဘုရားက ဟောပါတယ်။

နိဂုံးချုပ်လိုက်ရင် ဒိဗ္ဗဝိဟာရ၊ ဗြဟ္မဝိဟာရ၊ အရိယာဝိဟာရ သုံးပါး။ လောဘတဏှာ လွန်ကဲတဲ့ခေတ်မှာ သမာဓိခိုင်ခိုင်နဲ့နေ၊ အာဏာပါဝါလွန်ကဲတဲ့ခေတ် မေတ္တာ ကရုဏာနဲ့နေ၊ ဘာသာရေး အငြင်းခုံမှုတွေဖြစ်လာရင် ပညာနဲ့နေ၊ မြတ်စွာဘုရားကိုယ်တော် မြတ်ကြီးက ကမ္ဘာလောကကြီးကို တစ်နေ့ခြောက်ကြိမ်ကြည့်ပြီးတော့ “နေနည်းသုံးပါ” ဒီတရားကို ဟောသွားပါတယ်။

---

◆ *ရှေ့ဖုံးမှ*

ဒီမိုကရေစီရေးဆိုတဲ့ ကောင်းမွန်မြင့်မြတ်တဲ့ အကြောင်းအရာများကို အကြမ်းဖက်လုပ်ရပ်များ အပေါ် ခေါင်းစဉ်တပ်ပြီး ကိုယ့်လူမျိုး၊ ကိုယ့်ဒေသကို အောက်ကျနောက်ကျ လုပ်နေတာပဲဖြစ်ပါတယ်။ ဒီလုပ်ရပ်တွေကို ကျွန်တော်တို့ ကာကွယ်တားဆီး ကြဖို့၊ ရပ်တန့်အောင် ကြိုးစားကြဖို့လိုအပ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ၂၀၂၄ ခုနှစ်အတွင်းမှာ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကို အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပါတယ်။ ပဥ္စမ အကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်ရဲ့ အားကစားအဆင့်အတန်း မြင့်မားအောင် အုတ်မြစ် ချနိုင်ခဲ့ပါတယ်။ တိုင်းပြည်ကိုလည်း အတိုင်းအတာ တစ်ခုအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါ တယ်။ ဒီလိုဆောင်ရွက်နိုင်မှုဟာ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးအတွက်၊ နိုင်ငံတော်ကာကွယ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီစနစ် ခိုင်မြဲစေရေးအတွက် စွန့်လွှတ် စွန့်စားစွာ ဆောင်ရွက်နေကြသူများ ရှိနေကြလို့ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် အသက်၊ ခန္ဓာစွန့် လွှတ်ခဲ့ကြတဲ့ သူရဲကောင်းတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင် များ၊ စစ်မှုထမ်းဟောင်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသူနိုင်ငံသားများအားလုံးကို ကျွန်တော် အလေးအနက်ဂုဏ်ပြုပါကြောင်း ပြောလိုပါတယ်။ ဒါတွေဟာ သမိုင်းမှတ်တမ်းတွေအဖြစ် ကျန်ရစ်ခဲ့မှာ ဖြစ်သလို ကျွန်တော်တို့အားလုံးရဲ့ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်နေမှုနဲ့ စည်းလုံးညီညွတ်မှု တို့ကို ဖော်ထုတ်ပြသနိုင်ခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခဟာ စိန်ခေါ်မှုတစ်ရပ်အနေနဲ့ ရှိနေပါသေးတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော် အကျိုးအတွက်၊ ပြည်သူတို့ရဲ့အကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းတဲ့ ပတ်ဝန်းကျင် ကောင်းကို ဖော်ဆောင်လိုတဲ့ ရည်ရွယ်ချက်သာ ရှိပါတယ်။ ဒါကိုပြည်သူအားလုံးလိုလားတဲ့ နိုင်ငံရေး နည်း၊ တွေ့ဆုံဆွေးနွေးခြင်း နည်းများနဲ့သာ ဖြေရှင်း ကြရမှာ၊ ဖော်ဆောင်ကြရမှာဖြစ်ပါတယ်။ ဒီလို နည်းလမ်းများကသာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး စီးပွားရေးနဲ့လူမှုရေးအခြေအနေ များ တိုးတက်ကောင်းမွန်လာနိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ အနေနဲ့ ခေါင်းစဉ်အမျိုးမျိုးပြပြီး ဒီမိုကရေစီစနစ်ကို လိုလားတယ်လို့ ပြောနေပေမယ့် လက်တွေ့မှာတော့ ကိုယ်ကျိုးအတ္တကို အခြေခံတဲ့ လိုအင်ဆန္ဒသက်သက် နဲ့ လက်နက်ကိုင်ပဋိပက္ခကိုသာ ဖန်တီးနေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ထို့အတူပဲ အချို့သော တိုင်းရင်းသားခေါင်းဆောင်များဟာ ဖက်ဒရယ် အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေးလို့ ပြောနေ ကြသော်လည်း ဒီမိုကရေစီရဲ့ သဘောသဘာဝကို မျက်ကွယ်ပြုပြီး ပြည်ထောင်စုပြိုကွဲအောင် ဦးတည် ဆောင်ရွက်နေကြတာကိုလည်း တွေ့နေရပါတယ်။ ဖြစ်ချင်တာ၊ ဖြစ်သင့်တာများ ချင့်ချိန်စဉ်းစားပြီး ဖြစ်နိုင်တာကို ပြည်ထောင်စုအကျိုးကိုမျှော်ကိုးပြီး ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်ဖို့သင့်တယ် လို့ ပြောလိုပါတယ်။ ဒီလို ဘုံရည်မှန်းချက်နဲ့ လျှောက်လှမ်းကြတဲ့ လမ်းကြောင်းမတူညီတဲ့ အတွက်လည်း ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင် ပဋိပက္ခတွေ မချုပ်ငြိမ်းနိုင်သေးတာကိုလည်းဖြစ်ပါ တယ်။ ဒါတွေကိုဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့အားလုံး စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ဒီမိုကရေစီလမ်းကြောင်း အတိုင်း လျှောက်လှမ်းကြဖို့လိုပါတယ်။ ကျွန်တော် တို့ ပြည်သူများကလည်း လက်နက်ကိုင်အဖွဲ့များ ကို ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်အောင် တွန်းအားပေးကြဖို့ လိုအပ်ကြောင်းလည်း ပြောကြား လိုပါတယ်။


ဒီကမ္ဘာလောကကြီးမှာ တိုင်းပြည်နိုင်ငံတစ်ခု ဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ ကောင်းစွာရှင်သန် ရပ်တည်နေနိုင်ဖို့ မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနဲ့ မိမိတို့ရဲ့ လုပ်ကိုင်နိုင်စွမ်းတွေကို မြှင့်တင်နေကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဘဝရပ်တည်ရေးကို ကိုယ်စွမ်းကိုယ်စနဲ့ မထိန်းသိမ်းနိုင်ရင် နိုင်ငံရဲ့အချုပ် အခြာအာဏာအားနည်းပြီး သူတစ်ပါးလက်အောက် ခံဘဝကို ကျရောက်စေနိုင်တာကိုလည်း သတိချပ် စေလိုပါတယ်။ လွတ်လပ်တဲ့နိုင်ငံအဖြစ် တည်တံ့ ခိုင်မြဲစေဖို့၊ သူတစ်ပါးလက်အောက်ခံ မဖြစ်စေဖို့ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားအားလုံးက သွေးစည်းညီညွတ်ကြရပါမယ်။ နိုင်ငံတော်ကို ဘေးအန္တရာယ်ကျရောက်လာရင်လည်း နိုင်ငံတော် ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိတဲ့ တပ်မတော်နဲ့ ပြည်သူတို့ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ သူရသတ္တိအပြည့်အဝနဲ့ နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာနဲ့ ကာကွယ်ပြီး နိုင်ငံတော်ကြီး ကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ကြမယ် ဆိုတဲ့ စိတ်ဓာတ်တွေ မွေးကြရပါမယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ် ၍တရားမျှတမှုအပြည့်ရှိတဲ့ ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပေးနိုင်ဖို့ စီမံဆောင်ရွက် လျက်ရှိပါတယ်။ နိုင်ငံတော်ကို ဒီမိုကရေစီ လမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပြည်သူများက ၂၀၂၄ ခုနှစ်မှာ ပြသနိုင် ခဲ့ကြတဲ့ တိုင်းချစ်ပြည်ချစ်စိတ်များ၊ မျိုးချစ်စိတ်များ ကိုအခြေခံပြီး စည်းလုံးညီညွတ်စွာနဲ့ ရွေးကောက်ပွဲ ကြီး အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ ပန်ကြားလိုပါတယ်။ ၂၀၂၅ ခုနှစ်မှာ ပြည်သူများ ရဲ့အောင်ပွဲအဖြစ် နိုင်ငံသားအားလုံးလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ဆီ အရောက်လှမ်းပြီး သက်သေ ပြကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံသား မိဘပြည်သူညီအစ်ကို မောင်နှမများအားလုံး တစ်ဦးပေါ်တစ်ဦး အပြန် အလှန်မေတ္တာထားပြီး နိုင်ငံနဲ့လူမျိုးကောင်းကျိုး ကို ဖော်ဆောင်နိုင်ကြသူများဖြစ်ပါစေကြောင်း နှစ်သစ်ကူး ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျာ။

---

# မောက်မယ်မြို့နယ်၌ ဝါကျွတ်ပွဲ(ခေါ်)ကောက်သစ်စားပွဲကျင်းပ



**မောက်မယ် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ကွန်ကျိုင်းဘုန်းတော်ကြီး ကျောင်း၌ ရှမ်းရိုးရာဓလေ့ထုံးတမ်းစဉ်လာများအရ ဝါကျွတ်ပွဲ(ခေါ်) ကောက်သစ်စားပွဲကို ယမန်နေ့ ညနေ ၆ နာရီက ကျင်းပခဲ့သည်။

ထိုဝါကျွတ်ပွဲ(ခေါ်)ကောက်သစ်စားပွဲတွင် မြို့နယ်အတွင်းမှ ရပ်ကွက် နှင့် ကျေးရွာအုပ်စုရှိ ကျေးရွာများက အလှူပစ္စည်းများ ထည့်ဝင်ထား သည့် ပဒေသာပင်များဖြင့် ရှမ်းရိုးရာဗုံမောင်းများတီး၍ ထိုကျောင်းကို လှည့်လည်ပူဇော်ခံကန်တော့ကြပြီး ပျော်ပွဲရွှင်ပွဲများဖြင့်လည်းကောင်း ညပိုင်းတွင် ကွန်ကျိုင်းရပ်ကွက် လူငယ်လေးများက တိုင်းရင်းသား ရိုးရာအလှအကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ ယနေ့နံနက် ၇ နာရီတွင် ပင့်ဖိတ်ထားသည့် သံဃာတော်များအား အရုဏ်ဆွမ်းနှင့် ဘောဇဉ်၊ ခဲဖွယ်များ ဆက်ကပ်လှူဒါန်း၍ ပူဇော်ကန်တော့ကြပြီး ရေစက်သွန်းချအမျှပေးဝေကာ ရပ်ဝေးရပ်နီးမှကြွရောက်လာကြသော ဓမ္မမိတ်ဆွေ များတို့အား အကျွေးအမွေးဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၏ နှစ်သစ်ကူးဩဝါဒကထာ

နိုင်ငံတကာ နှစ်သစ်ကူးအခါသမယမှာ ဗုဒ္ဓဘာသာဝင်၊ ဘုရားသားတော်တစ်ပါးအနေနဲ့ ပြောရရင် "သဗ္ဗေ သတ္တာ ကမ္မဿကာ" စကားကို ပြောချင်ပါတယ်။


သတ္တဝါတိုင်း သတ္တဝါတိုင်း ကိုယ်ပြုတဲ့ကံအပေါ်မူတည်ပြီး ဖြစ်နေကြတယ်။ ကောင်းတဲ့သူ ဖြစ်လာတာလည်းပဲ ကံကောင်းခဲ့ကြလို့၊ မကောင်းတဲ့သူဖြစ်နေရတာကလည်း ကံမကောင်းခဲ့ကြလို့။

ကံဆိုတာ ဘေးကနေ တစ်ဦးတစ်ယောက်က ဖန်ဆင်းလုပ်ဆောင်ပေးနေတာမျိုးကို ကံလို့ မခေါ်ပါဘူး။ ကိုယ်လုပ်တဲ့ အလုပ်ကသာ ကိုယ့်ကံ၊ ကိုယ်ပြောတဲ့ အပြောကသာ ကိုယ့်ကံ၊ ကိုယ်စိတ်ကူးတဲ့ စိတ်ကူးကသာ ကိုယ့်ကံပါ။

ကိုယ့်အလုပ်၊ ကိုယ့်အပြော၊ ကိုယ့်စိတ်ကူးတွေက ကောင်းနေသမျှ ကာလပါတ်လုံး အဲဒီလူ ကံကောင်းနေပါတယ်။ တကယ်လို့များ အခန့်မသင့်လို့ ကိုယ့်အလုပ်တွေက ဆိုးသွားမယ်၊ ကိုယ့်အပြောတွေက ဆိုးသွားမယ်၊ ကိုယ့်စိတ်ကူးတွေက ဆိုးသွားမယ်ဆိုရင် အဲဒီလူ ကံဆိုးတော့တာပဲ။

ကံကောင်းရင် ရလာတဲ့ အကျိုးပေး၊ ကြုံရတဲ့အခြေအနေတွေက ကောင်းသလို ကံဆိုးရင်တော့လည်း ရလာတဲ့အခြေအနေ ကြုံရတဲ့ ရလဒ်တွေက ဆိုးတော့တာပါပဲ။

နှစ်သစ်ကူးတဲ့ အခုလိုအခါသမယမှာ နှစ်သစ်ကူးအခါကစပြီး တို့အလုပ်တွေကို ကောင်းသထက်ကောင်းအောင် ကြိုးစားရမှာပါလား။ မကောင်းသေးရင် ကောင်းအောင်၊ ကောင်းရင်လည်း ကောင်းသထက် ကောင်းအောင်၊ ကိုယ့်အတွက် ကောင်းတဲ့အပြင် အများအတွက်ကိုပါ ကောင်းအောင် ကြိုးစားရမှာပါလား။ အဲဒီလိုပဲ ကိုယ့်အပြောတွေ မကောင်းသေးရင် ကောင်းအောင်၊ ကောင်းနေရင်လည်း ကောင်းသထက် ကောင်းအောင်၊ ကိုယ့်အတွက် ကောင်းသထက်ကောင်းအောင် လုပ်ရုံတင်မကဘဲ၊ ပြောရုံတင်မကဘဲနဲ့ အများအတွက်ပါ ကောင်းသထက်ကောင်းအောင် ပြောရမှာပါလား။ အဲဒီလိုပဲ ကိုယ့်အတွေး အကြံတွေက မကောင်းသေးရင် ကောင်းအောင်၊ ကောင်းနေရင်လည်း ကောင်းသထက်ကောင်းအောင် ကိုယ့်အတွက်တော့ ကောင်းသထက် ကောင်းတယ်ဆိုရုံနဲ့ မပြီးသေးဘဲနဲ့ ကိုယ့်အတွက်ရော အများအတွက်ပါ ကောင်းသထက်ကောင်းအောင် စိတ်ကူးကြံစည်ပေးရမှာပဲ။



များသောအားဖြင့်ကတော့ စိတ်ကူးကြံစည်တဲ့အပေါ်မှာ မူတည်ပြီး လိုက်ပြောကြတယ်။ စိတ်ကူးကြံစည်တဲ့ အတွေးအပေါ်မှာ မူတည်ပြီး လိုက်လုပ်ကြတယ်။ တစ်ဆင့်ပြန်ပြောရင် အဲဒီလိုပြောရင်း ပြောရင်းနဲ့ ကောင်းတာလုပ်ရင် ကောင်းတာပြောရင်းနဲ့ အကျင့်တွေပါပြီး အတွေးတွေကပါ သိသိသာသာ လိုက်ကောင်းတော့တာပါပဲ။ မကောင်းတာတွေကိုများ လုပ်မိလို့ အကျင့်ပါရင်၊ မကောင်းတာတွေကိုများ ပြောမိလို့ အကျင့်ပါရင် မကောင်းတဲ့ အတွေးတွေကလည်းပဲ ဆက်ကာ ဆက်ကာ အကျိုးရလဒ်အနေနဲ့ ပေါ်လာပြီးတော့ မကောင်းတာတွေ ဆက်တိုက် လည်ကုန်တော့တာပဲ။

ဒ့ါကြောင့် နှစ်သစ်ကူးအခါသမယမှာ –

"သဗ္ဗေသတ္တာ ကမ္မဿကာ" ကိုယ့်အပေါ် ကိုယ်မူတည်ပါတယ်။ သတ္တဝါတွေကို မေတ္တာပို့ပါတယ်၊ တစ်နိုင်ငံလုံးကို မေတ္တာပို့ပါတယ်၊ တိုင်းပြည်ကြီးတစ်ခုလုံးကို မေတ္တာပို့ပါတယ်၊ တစ်ကမ္ဘာလုံးကိုမေတ္တာပို့ပါတယ်၊ စကြဝဠာ စွမ်းနိုင်တဲ့အထိ ရောက်သလောက် သတ္တဝါတွေအားလုံးအပေါ် မေတ္တာထားတယ်၊ မေတ္တာပို့တယ်။


အဲဒီမေတ္တာထားတဲ့ စိတ်ဓာတ်က ကရုဏာ သနားတတ်ရာကနေ ဖြစ်လာ၊ မေတ္တာထားတဲ့ စိတ်ဓာတ်က ဝမ်းသာတတ်တဲ့ မုဒိတာက ဖြစ်လာ၊ မေတ္တာထားတဲ့ စိတ်ဓာတ်ဟာ ကိုယ့်အလုပ် ကိုယ့်တာဝန်ကို ကိုယ်လုပ်ပြီးတော့ သတ္တဝါတွေက ကိုယ့်ကံနဲ့ကိုယ် ဆိုသော်လည်းပဲ ကိုယ့်ဘက်က မေတ္တာထားရမှာ၊ မေတ္တာပေးရမှာဆိုပြီး ဒီလိုနှလုံးသွင်းပြီး မေတ္တာပို့၊ ဥပေက္ခာဆိုတဲ့ အခြေခံကနေဖြစ်လာပါတယ်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာလို့ ဒီတရားလေးမျိုးရှိရင် အဲဒီပုဂ္ဂိုလ်အတွက် ကောင်းတာတွေတွေး၊ ကောင်းတာတွေပြော၊ ကောင်းတာတွေ လုပ်သလို၊ သူ့ပတ်ဝန်းကျင်ကိုလည်းပဲ ကောင်းတာတွေတွေး၊ ကောင်းတာတွေပြော၊ ကောင်းတာတွေ လုပ်ဖို့ရာအတွက် အထောက်အပံ့တွေ ဖြစ်တော့တာပါပဲ၊ အထောက်အကူတွေ ဖြစ်တော့တာပါပဲ။

မေတ္တာပေးရင် လက်ခံတဲ့သူတွေက ရတော့တာပေ့ါ၊ ကရုဏာပေးရင် လက်ခံတဲ့လူတွေက ရတော့တာပေ့ါ၊ မုဒိတာပေးရင် လက်ခံတဲ့သူတွေက ရတော့တာပေ့ါ၊ ဒီမေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဒီတရားတွေက လေးနက်မြင့်မြတ်တဲ့ အကျင့်ကျင့်တဲ့သူတွေအတွက် လက်ကိုင်ထားရတဲ့ တရား၊ လောကကြီးကို စောင့်ရှောက်တဲ့တရား၊ လောကကြီးကို ငြိမ်းအေးအောင်လုပ်ပေးနိုင်တဲ့ တရား။

ဒါကြောင့်မို့ "သဗ္ဗေသတ္တာ ကမ္မဿကာ" ကိုယ့်ကံတွေကို ကိုယ်က ကောင်းအောင် လုပ်ကြ၊ ပြောကြ၊ ကြံစည်ကြဖို့ မေတ္တာတွေ၊ ကရုဏာတွေ၊ မုဒိတာတွေ၊ ဥပေက္ခာ ဒီတရားတွေကို လက်ကိုင်ထားပြီး နှစ်သစ်ကူးအခါသမယမှာ စွမ်းအားရှိသမျှနေထိုင်ကြပြီး တစ်ဦးတစ်ယောက်တည်းမကဘဲ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးအေးချမ်းအောင် အထောက်အကူပြုတဲ့ လုပ်ငန်းတွေ ဆောင်ရွက်ရင်းနဲ့ သတ္တဝါတွေအားလုံးကလည်း ကောင်းတဲ့ကံတွေပြု၊ ပြော၊ ကြံစည်ရင်းဖြင့် အားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာတွေဖြစ်ပြီး အနှောင့်အယှက်ခပ်သိမ်း ကင်းငြိမ်းတဲ့ ဘဝကြီးကိုတည်ဆောက်နိုင်ကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သတည်း။

## ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (အောင်ဆန်းဆရာတော်)၏ ၂၀၂၅ခုနှစ် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ



ကမ္ဘာသုံးခရစ်နှစ် ၂၀၂၄ခုနှစ် ကနေ ၂၀၂၅ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသွားတဲ့ နှစ်သစ်မင်္ဂလာအချိန်အခါပဲ ဖြစ်ပါတယ်။ နှစ်သစ်မင်္ဂလာအချိန်အခါမှာ မြန်မာနိုင်ငံသူ/နိုင်ငံသားတွေ ကမ္ဘာသူ /သား အားလုံးသော ခုနစ်ရက်သားသမီး သူတော်ကောင်းအပေါင်းတို့ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။ စီးပွားဥစ္စာရတနာတွေလည်း တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်ကြီးပွားနိုင်ကြပါစေ။ သာသနာအကျိုး၊ ဘာသာအကျိုး၊ သတ္တဝါအကျိုး၊ တိုင်းကျိုးပြည်ကျိုး၊ ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ကြတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေဖြစ်ကြပြီး မကောင်းတဲ့စိတ်ကို ပယ်ဖျောက်ပြီး ကောင်းတဲ့စိတ်တွေရောက်၍ မကောင်းတာတွေ ဖျောက်ပြီး ကောင်းတာတွေ ရောက်ကြပါစေလို့ နှစ်သစ်မင်္ဂလာမှာ ရှေးဦးစွာ ဆုတောင်းမေတ္တာပို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

မြတ်စွာဘုရားဟောကြားတော်မူတဲ့ လူသားတိုင်း လူသားတိုင်းမှာ သူတော်ကောင်းတရား ခုနစ်ပါးနဲ့ ပြည့်စုံနိုင်ကြပါစေ။ သူတော်ကောင်းတရားခုနစ်ပါးကို လူမျိုး ဘာသာမရွေး အားလုံးစောင့်ထိန်းရမှာဖြစ်ပါတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပဆိုတဲ့ သူတော်ကောင်းတရား ခုနစ်ပါးကို မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေ၊ ကမ္ဘာသူ ကမ္ဘာသားတွေ၊ ခုနစ်ရက်သား သမီးတွေအားလုံး၊ လူသားတိုင်း စိတ်မှာ ကိန်းပြီး ချမ်းသာခြင်းကိုရကြပါစေ။ နှစ်ဟောင်းက မကောင်းတာတွေ ပယ်ဖျောက်ပြီး နှစ်သစ်မှာ ကောင်းကျိုးချမ်းသာတွေရအောင် သူတော်ကောင်းတရားတွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါစေလို့ ဆန္ဒပြုဆုတောင်းမေတ္တာပို့ပါတယ်။

သဒ္ဓါဆိုတာက ယုံကြည်မှုပါပဲ၊ လူသားတွေ ကိုယ်ယုံကြည်ရာကို ကိုယ်လုပ်ကြတယ်။ ဒီတော့ သတ္တဝါ တိုင်းနဲ့ ဆိုင်တဲ့ ကံဆိုတာရှိတယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်၊ ကာယကံပေ့ါ၊ နှုတ်ကလည်း ကောင်းတာတွေ ပြောရင် ကောင်းတာတွေဖြစ်ကြမယ်၊ မကောင်းတာတွေပြောရင် မကောင်းတာတွေဖြစ်ကြမယ်၊ ဝစီကံပေ့ါ၊ စိတ်ကလည်း ကောင်းတာတွေ ကြံစည်ရင် ကောင်းတာတွေဖြစ်သလို မကောင်းတာတွေ ကြံစည်ရင် မကောင်းတဲ့ အကျိုးတွေဖြစ်ကြမယ်၊ အဲ့ဒါကြောင့် ကံနဲ့ ကမ္မနိယာမသဘောတရားတွေအရ ဘုန်းကြီးတို့ အားလုံးကို ဆုတောင်းမေတ္တာပို့ပါတယ်။ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသား အားလုံး ခုနစ်ရက်သားသမီး သတ္တဝါတွေ ကောင်းတဲ့ ကာယကံတွေနဲ့ ဆောင်ရွက်နိုင်ကြပါစေ၊ ကောင်းတဲ့ ဝစီကံနဲ့ ပြောဆိုနိုင်ကြပါစေ၊ ကောင်းတဲ့ မနောကံနဲ့ ကောင်းတဲ့ အကြံအစည်တွေကို အမြဲတမ်း ကြံစည်တွေးတောနိုင်ကြပါစေ၊ ကောင်းတဲ့မနောကံနဲ့ ကြံကြ မယ်၊ ကောင်းတဲ့ ဝစီကံနဲ့ ပြောကြမယ်၊ ကောင်းတဲ့ ကာယကံနဲ့ လုပ်ကြမယ် ဆိုရင် လောကကြီးတစ်ခုလုံးက ဘယ်တော့မှ ဆိုးကျိုးတွေမဖြစ်နိုင်ပါဘူး၊ ကောင်းကျိုးတွေသာလျှင် ရရှိမှာဖြစ်ပါတယ်။

ထို့အတူပဲ ကံနဲ့ အကျိုးပေးဆိုတာ သတ္တဝါတွေကို ဘယ်သူမှ ကယ်လို့မရဘူး၊ မိုးလင်းကနေမိုးချုပ်အထိ ကိုယ့်မနောကံကို ပြန်စစ်ကြည့်စမ်းပါ၊ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပတ်သက်တဲ့ကံတွေမှာ မိမိရဲ့ စိတ်က ဘယ်လောက်အထိ ကောင်းတာတွေ ကြံတယ်၊ တွေးတယ်၊ နှလုံးသွင်းတယ်ဆိုတာ မိမိကိုယ် အသိဆုံး၊ မကောင်းတာတွေကို ကြံမယ်တွေးမယ်၊ နှလုံးသွင်းနေရင် မကောင်းတာတွေပဲရမယ်၊ မကောင်းတဲ့ အကျိုးဆိုတာ ဘယ်တော့မှ ချမ်းသာမှုမရဘူး၊ နှစ်ဟောင်းတွေကုန်ပြီး နှစ်သစ်ကို ကူးပြောင်းတဲ့အခါမှာ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားနဲ့တကွ ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့ မကောင်းတဲ့အရာမှန်သမျှ မကြံ ဖြစ်ကြပါစေနဲ့၊ မပြောဖြစ်ကြပါစေနဲ့၊ မလုပ်ဖြစ်ကြပါစေနဲ့လို့ ဆုတောင်းမေတ္တာပို့ပါတယ်။

သတ္တဝါတိုင်း၊ သတ္တဝါတိုင်း လူ့ဘဝရဲ့တန်ကြေးက သည်းခံခြင်းနဲ့ ခွင့်လွှတ်ခြင်းဖြစ်ပါတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ သူတော်ကောင်းတရား ခုနစ်ပါးနဲ့ ပြည့်စုံပြီး အစစအရာရာ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းနှင့် အမြဲတမ်းနှလုံးသွင်းဆောင်ရွက်ကြမယ်ဆိုရင် ကိုယ့်ဘဝလည်း လူဖြစ်ရ ကျိုးနပ်ပြီး သံသရာမှာ အပါယ်တံခါးပိတ် သုဂတိနိဗ္ဗာန်ထိအောင် ကောင်းကျိုးချမ်းသာ ရနိုင်တယ်ဆိုတာ ဗုဒ္ဓရဲ့ လမ်းစဉ်အတိုင်း အားလုံးဆောင်ရွက်မယ်ဆိုရင် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတိုင်အောင် ကောင်းကျိုးချမ်းသာ ရနိုင်ပါတယ်ဆိုတာ အားလုံးယုံကြည်ကျင့်သုံးကြဖို့ တိုက်တွန်းရင်း နှစ်ဟောင်းကုန်ပျောက် နှစ်သစ်ရောက်တဲ့အခါမှာ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံက ကင်းလွတ်ပြီး လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ ချမ်းသာထက်ကင်းလွတ်သော နိဗ္ဗာန်ဆိုတဲ့ သံတ္တိသုခ၊ သဒ္ဓါ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ ဒုက္ခကင်းကင်းနဲ့ နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးချမ်းသာကို ရရှိခံစားနိုင်ပါစေလို့ နှစ်ဟောင်းကုန်ပျောက် နှစ်သစ်ကူးတဲ့အခါမှာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



ဦးရဲထွန်း



ဦးဝဏ္ဏ



ဦးဇော်ဇော်နိုင်



ဦးသောမတ်(စ်)



ဦးအောင်ဇော်ဝင်း

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)နှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)တို့မှ ၂၀၂၅ ခုနှစ်အတွက် နှစ်သစ်မင်္ဂလာဆုတောင်းစကားများ

**ဦးရဲထွန်း**
**ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) (YMBA)**

၂၀၂၄ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ်သို့ကူးပြောင်းတဲ့ အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၊ ရဟန်းရှင်လူ ပြည်သူပြည်သားများအားလုံး၊ ကမ္ဘာသူကမ္ဘာသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည်စုံကြပါစေ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နဲ့အညီ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားဖို့အတွက် အလေးအနက် တိုက်တွန်းလိုပါတယ်။ အသင်းကြီးရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ အမျိုးဘာသာ၊ သာသနာ၊ ပညာနဲ့နိုင်ငံအရေးများတွင် (YMBA)အသင်းကြီးမှ ပူးပေါင်းဆောင်ရွက် လျက်ရှိပါတယ်။ ၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယမှ စတင်ပြီး မြန်မာပြည်သူ ပြည်သားများအားလုံး စည်းလုံးညီညွတ်ခြင်းဖြင့် နိုင်ငံတော်နှင့်အတူ လက်တွဲကာ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားကြဖို့တိုက်တွန်းရင်း နိုင်ငံတစ်ဝန်း အေးချမ်းသာယာစေဖို့အတွက် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**ဦးဝဏ္ဏ**
**ဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

ယနေ့ဟာ ခရစ်သက္ကရာဇ် ၂၀၂၄ခုနှစ်ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ်ကာလသို့ရောက်ရှိလာသော အခါသမယဖြစ်ပါတယ်။

ယနေ့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ နိုင်ငံသူ နိုင်ငံသားများနှင့်တကွ ကမ္ဘာသူ ကမ္ဘာသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြလျက် အေးချမ်းသာယာသော လူ့ဘောင်ဘဝကြီးကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်တို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့ကြီးရဲ့ ရှေ့လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့ ဘာသာကြီး (၄)ရပ်၏ စုပေါင်းအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ချစ်ကြည်ညီညွတ်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည့်အတိုင်း –

- သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသများသို့ သွားရောက်၍ ဝိုင်းဝန်းကူညီထောက်ပံ့ခြင်း
- မျက်စိအခမဲ့ခွဲစိတ်ကုသပေးခြင်း
- သွေးလှူဒါန်းမှုများပြုလုပ်ခြင်း
- အခမဲ့အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့အား လစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဘာသာကြီး(၄)ရပ်၏ ရိုးရာပွဲတော်များကိုလည်း စုပေါင်းကျင်းပ၍ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးမှသည် ငြိမ်းချမ်းရေးဆီသို့ဆိုသည့် ဆောင်ပုဒ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

စည်းလုံးခြင်းသည် အင်အားဖြစ်သည့်အတွက် ဘာသာကြီး (၄) ရပ်အပေါ် သက်ဝင်ယုံကြည်ကြတဲ့ တိုင်းရင်းသားများ၊ နိုင်ငံသားများနဲ့ လူမျိုးစုများအားလုံးတို့သည် မိမိတို့ မှီတင်းနေထိုင်ရာ၊ အခြေပြုရာ မြန်မာနိုင်ငံကြီးအပေါ် သစ္စာရှိစွာဖြင့် နိုင်ငံအကျိုး ဝိုင်းဝန်းသယ်ပိုးကြပါ၊ ကာကွယ်စောင့်ရှောက်ကြပါ၊ ညီညွတ်ကြပါလို့ တိုက်တွန်းရင်း မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း၊ ငြိမ်းချမ်းပါစေကြောင်း ထပ်လောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

**ဦးဇော်ဇော်နိုင်(ဟိန္ဒူဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

ဂေါတမမြတ်စွာဘုရားရဲ့ မေတ္တာကြောင့် မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာပါစေ။

မဟာပိန္နဲဘုရားရဲ့ မေတ္တာကြောင့် ပြည်တွင်း ပြည်ပရန်များ ကင်းရှင်းပြီး ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီးဖြစ်ပါစေ။

၂၀၂၄ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ် နှစ်သစ်မှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအားလုံး ကျန်းမာချမ်းသာသုခ ပြည့်စုံကြပါစေ၊ အခက်အခဲများကိုလည်း ကျော်နိုင်ပါစေ။ မိမိတို့နိုင်ငံမှာ လိုအပ်ချက်နှစ်ခုပဲရှိပါတယ်။ တစ်ခုကတော့ မေတ္တာများများ ထားပေးဖို့လိုပါတယ်။ နောက်တစ်ခုကတော့ အလုပ်များများ လုပ်ပေးဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုရင် မိမိတို့နိုင်ငံမှာ အနာဂတ်ရတနာလူငယ်များအတွက် အလုပ်များများ လုပ်ပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ အလုပ်များများ လုပ်ပေးတဲ့အခါ အခက်အခဲတွေကို ကျော်လွှားနိုင်မှာဖြစ်ပြီး ဒါမှလည်း မြန်မာနိုင်ငံက ချမ်းသာတဲ့နိုင်ငံဖြစ်မှာပါ။

၂၀၂၄ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ် နှစ်သစ်မှာ မေတ္တာပို့သအပ်ပါတယ်။ မေတ္တာတရားထားဖို့ဆိုရင် ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံက မေတ္တာတရား အချမ်းသာဆုံး နိုင်ငံဖြစ်တာကြောင့် မေတ္တာတရားများများထားဖို့လိုပါတယ်။ အခုလာမယ့်နှစ်သစ်မှာ အတွေးသစ်၊ အမြင်သစ်နဲ့ မကောင်းတာတွေ၊ သဘောထားကွဲလွဲမှုတွေကို ဖယ်ရှားကြပါ။ အတူတကွ အလုပ်လုပ်ပြီး မိမိတို့နိုင်ငံချမ်းသာတဲ့နိုင်ငံဖြစ်အောင် ကြိုးစားကြပါစို့။

**ဦးသောမတ်(စ်) (ခရစ်ယာန်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

Shalom (ငြိမ်းချမ်းပါစေ)

၂၀၂၄ ခုနှစ်ကုန်လွန်ပြီး ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှာ မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ခရစ်ယာန်ဘာသာဝင်အနေနဲ့ အခုလိုနှုတ်ခွန်းဆက်စကားပြောကြားခွင့်ရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်ခင်ဗျာ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံဟာ လူမျိုးဘာသာ အဆင့်အတန်းမခွဲခြားဘဲ အတူတကွ မှီတင်းနေထိုင်လျက်ရှိကြပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးအနေနဲ့လည်း နိုင်ငံတစ်ဝန်း လူမှုဘဝတည်ငြိမ်အေးချမ်းရေးအတွက် တတ်အားသရွေ့ ပါဝင်လက်တွဲ လုပ်ဆောင်လျက်ရှိပါတယ်ခင်ဗျာ။

၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာမှာ မြန်မာပြည်သူ ပြည်သားများအားလုံး ပိုမိုတိုးတက် ငြိမ်းချမ်းသာယာ၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း နှုတ်ခွန်းဆက်ဆုတောင်းလိုက်ပါတယ်ခင်ဗျာ။

အားလုံးကို ထာဝရဘုရားသခင်ကောင်းချီးပေးပါစေ။

**ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ –

၂၀၂၄ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ဘေးဘယာဝေးကွာ၍ ကျန်းမာချမ်းသာပြီး အေးချမ်းသာယာပါစေကြောင်း အစ္စလာမ်ဘာသာဝင်များ ကိုယ်စား ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးမှာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် တိုင်းရင်းသားပေါင်းစုံစုပေါင်းနေထိုင်ကြပြီး ဘာသာမတူ၊ လူမျိုးမတူ၊ ကိုးကွယ်ရာ မတူပေမယ့်လည်း ညီအစ်ကိုမောင်နှမစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ကို အခြေခံလျက် တစ်ဦး၏ ဘာသာအယူဝါဒကို တစ်ဦးက အပြန်အလှန် လေးစားကြ၍ တစ်ဦးနှင့်တစ်ဦး မေတ္တာတရားရှေ့ထားပြီး ချစ်ချစ်ခင်ခင် အေးချမ်းစွာ နေထိုင်လာတဲ့ မြန်မာနိုင်ငံကြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးအနေနဲ့လည်း နိုင်ငံတော်အတွက် လိုအပ်သော တည်ငြိမ်အေးချမ်းသာယာရေး အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ကျွန်တော်တို့ အစ္စလာမ်ဘာသာဝင်များကလည်း ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါတယ်။

အခုလို နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူး အခါသမယမှာ မကောင်းမှုအညစ်အကြေးများအားလုံး ဆေးကြောသန့်စင်ပြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ ဒီမိုကရေစီနိုင်ငံတော်တည်ထောင်ရေးအတွက် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး ဝိုင်းဝန်းကူညီ သယ်ပိုးထမ်းဆောင်နိုင်ကြပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ အားလုံးနှစ်သစ်မှာ လိုအင်ဆန္ဒပြည့်ဝကြပါစေ။

# စာပေ၊ ရုပ်ရှင်၊ သဘင်နှင့် စီးပွားရေးလုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူတို့၏ ၂၀၂၅ ခုနှစ် နှစ်သစ်ကူး ဆုတောင်းစကားသံများ


ဒေါက်တာတင်ထွန်းဦး


ဒါရိုက်တာ ဦးကြည်စိုးထွန်း


ဦးလွင်မြင့်


အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်း


ဦးဆန်းလင်း


ဦးမောင်မောင်ဆန်း


ဦးနန္ဒကျော်

**ဒေါက်တာတင်ထွန်းဦး**
**(မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ)**

မင်္ဂလာရှိတဲ့ ၂၀၂၅ ခုနှစ် နှစ်ဆန်းချိန်ခါမှစပြီး ကမ္ဘာသူ၊ ကမ္ဘာသားအပေါင်းနဲ့ နိုင်ငံသူ၊ နိုင်ငံသားအပေါင်း ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့နဲ့ ပြည့်စုံနိုင်ကြပါစေ၊ ဘေးအန္တရာယ်အသွယ်သွယ်မှ ကင်းဝေးကြပါစေ၊ စိတ်သွားတိုင်း ကိုယ်ပါပြီး လိုအင်ဆန္ဒများနဲ့ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်း ပို့သလိုက်ပါတယ်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေနဲ့ သတင်းမီဒီယာကဏ္ဍကို နိုင်ငံတော်ရဲ့စတုတ္ထမဏ္ဍိုင်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းရပ်တည်ပြီး သတင်းမီဒီယာလောကကြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားလုပ်ဆောင်သွားကြမှာဖြစ်ပါတယ်။ နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် သတင်းမီဒီယာကဏ္ဍကနေ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ခုလုံး နိုင်ငံအနှံ့ တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်ပါစေ၊ ပြည်ထောင်စုကြီး ထာဝရအစွန့်ရှည် တည်တံ့ခိုင်မြဲပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

**ဒါရိုက်တာ ဦးကြည်စိုးထွန်း**
**(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)**

၂၀၂၅ ခုနှစ်ဟာ မင်္ဂလာရှိသော နှစ်သစ်မင်္ဂလာဖြစ်ပါစေလို့ ဦးစွာဆုတောင်းပေးလိုပါတယ်။ ကျွန်တော်တို့ဟာ ကိုဗစ်ကာလနဲ့ အကြောင်းကြောင်းသော အခက်အခဲတွေကို ရုန်းကန်ကျော်လွှားခဲ့ကြရပါတယ်။ ယခုအခါမှာ သင့်တင့်သောခရီးကိုလည်း ရောက်နေပါပြီ။ ဒီခရီးလမ်းမှာ ရုပ်ရှင်လောကသားတွေနဲ့ပြည်သူတွေ စိတ်ဝမ်းမကွဲဘဲ တညီတညွတ်တည်း တိုင်းပြည်အကျိုး၊ နိုင်ငံအကျိုးကို ဆောင်ရွက်နိုင်ပြီး အားလုံးကျန်းမာချမ်းသာစွာနဲ့ ညီညီညွတ်ညွတ်ဖြင့် ဆက်ပြီးလျှောက်လှမ်းနိုင်အောင် ကြိုးစားနိုင်ကြပါစေ။

ကျွန်တော်တို့ရုပ်ရှင်ဆိုတာ ပရိသတ်မရှိရင် ရုပ်ရှင်ဖြစ်မလာပါဘူး။ ပရိသတ်ရှိမှသာ ရုပ်ရှင်ဆိုတာ ရှိနေပါတယ်။ ပရိသတ်တွေလာဖို့၊ ကြည့်နိုင်ဖို့ ရုပ်ရှင်ရုံဆိုတာတည်ဆောက်ပြီး တင်ဆက်ပြသရပါတယ်။ အရေးကြီးတာက ကြည့်ရှုတဲ့ ပရိသတ်ဖြစ်ပါတယ်။ ကြည့်ရှုအားပေးကြတဲ့ ပရိသတ်များဟာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ ပျော်ပျော်ရွှင်ရွှင် ညီညွတ်စွာနဲ့ရုပ်ရှင်ကို အားပေးနိုင်ကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ နှစ်သစ်ဆုတောင်းစကား ပါးလိုက်ပါတယ်။

**ဦးလွင်မြင့်**
**(မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ)**

ကမ္ဘာ့လူမျိုးအသီးသီးနဲ့ ဘာသာအသီးသီးဟာ နှစ်သစ်ကာလရောက်တိုင်း နှစ်သစ်ကူးပွဲတော်ကို အထူးလေးလေးနက်နက်ထားပြီး ကျင်းပကြတာကို တွေ့ရပါတယ်။ နှစ်သစ်ကူး အခါသမယတွေမှာ နှစ်ဟောင်းက အဟောင်းအညစ်တွေကို ဖျောက်ပြီး နှစ်သစ်မှာ အကောင်းအသစ်ဖြစ်ဖို့ ကောင်းသောမင်္ဂလာနှစ်သစ်ကိုကြိုကြတဲ့ အစဉ်အလာလည်း ရှိပါတယ်။ တစ်ဦးနဲ့တစ်ဦး မေတ္တာများထားပြီး ချစ်ခြင်းတရားနဲ့ကြည့်ရှုကာ ကမ္ဘာကြီးအေးချမ်းမှုကို ဝိုင်းဝန်းလက်တွဲဖော်ဆောင်နိုင်ကြပါစေ။ ၂၀၂၅ ခုနှစ်ရဲ့ နှစ်သစ်ကူးအချိန်အခါမှာလည်း ကမ္ဘာသူကမ္ဘာသားများနဲ့ ပြည်သူပြည်သားအပေါင်း ကောင်းသော လိုအင်ဆန္ဒများ ပြည့်ဝပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါတယ်။

**အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်း**
**(မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) နာယက)**

ပြည်ထောင်စု နိုင်ငံသူနိုင်ငံသားအပေါင်းနဲ့ အနုပညာရှင်များအားလုံး ကိုယ်လည်းကျန်းမာ စိတ်ချမ်းသာပြီး ဘယာကင်းပ လိုတိုင်းရ၍ သုခချမ်းသာ အဖြာဖြာနှင့် ပြည့်စုံကြပါစေလို့ နှစ်သစ်မင်္ဂလာမှာ ဆုတောင်းမေတ္တာပို့သပါတယ်။

**ဦးဆန်းလင်း (မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)**

ကျွန်တော်တို့မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအနေနဲ့ ပြည်သူများ စားသုံးဆီ ဖူလုံစွာ အသုံးပြုနိုင်အောင် နိုင်ငံတော်နဲ့အတူ လက်တွဲဆောင်ရွက်နေပါတယ်။ ၂၀၂၄ ခုနှစ်ဟာ ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ်ရဲ့ နှစ်သစ်မင်္ဂလာကို ကူးပြောင်းခဲ့ပါပြီ။ နှစ်သစ်မင်္ဂလာ အခါသမယမှာ ပြည်သူပြည်သားအပေါင်း နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကျန်းမာချမ်းသာကြပါစေ၊ အသင်းသူ အသင်းသားများအားလုံးနဲ့ညီနောင်အသင်းများလည်း တိုင်းပြည်အကျိုး၊ ပြည်သူအကျိုးနဲ့ အဖွဲ့အစည်းရဲ့အကျိုးကို ရှေးရှုပြီး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေ။ ကမ္ဘာသူ၊ ကမ္ဘာသားများနဲ့ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ် နှစ်ပါး ချမ်းသာစွာနဲ့ ကောင်းကျိုး လိုအင်ဆန္ဒများပြည့်ဝကြပါစေလို့ နှစ်သစ်ဆုတောင်းစကားပါးလိုက်ပါတယ်။

**ဦးမောင်မောင်ဆန်း**
**(မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဘဏ္ဍာရေးမှူး)**

ကမ္ဘာသုံးခရစ်သက္ကရာဇ် ၂၀၂၄ ခုနှစ်ကနေ ၂၀၂၅ ခုနှစ် နှစ်သစ်ကို ကူးပြောင်းသွားတဲ့ နှစ်သစ်မင်္ဂလာအချိန်အခါပဲဖြစ်ပါတယ်။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေကမ္ဘာသူကမ္ဘာသားအားလုံးသော ခုနစ်ရက်သားသမီး သူတော်ကောင်းအပေါင်းတို့ စိတ်သစ်၊ လူသစ်ဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ စီးပွားဥစ္စာရတနာတွေလည်း တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်ကြီးပွားနိုင်ကြပါစေ၊ လိုအင်ဆန္ဒများနဲ့လည်း ပြည့်ဝကြပါစေ၊ ရောဂါဘယများလည်း ကင်းဝေးကြပါစေ၊ မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း၊ ငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ဦးနန္ဒကျော် (မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း ယာယီဥက္ကဋ္ဌ)**

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယမှာ မြန်မာပြည်သူ ပြည်သားအပေါင်း ဘေးဘယာဝေးကွာပြီး ကျန်းမာရွှင်လန်း၍စီးပွားလာဘ်လာဘများ တိုးတက်ကြပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း ပို့သအပ်ပါတယ်။ နှစ်သစ်အခါသမယမှာ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ဥစ္စာနေဖြိုးကြွယ်ဝပြီး နေ့ရက်တိုင်းမှာ ပြုံးပျော်ရွှင်လန်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

## နဝဒေးတံတား(ပြည်)ရေလမ်း ပြောင်းလဲသတ်မှတ်မည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

နဝဒေးတံတား(ပြည်)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကို ရေလယ်တိုင်အမှတ်( ၇ )နှင့် ( ၈ )အကြားမှလည်းကောင်း၊ အဆန်ရေလမ်းကို ရေလယ်တိုင်အမှတ်(၆)နှင့် (၇) အကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။ ယခုအခါ ရေကြောင်းရေလမ်းအခြေအနေအရ တံတားရေလမ်းကို၂၀၂၅ခုနှစ် ဇန်နဝါရီ ၃ ရက်မှစ၍ အစုန်၊ အဆန် ရေလမ်းကြောင်းအဖြစ် ရေလယ်တိုင်အမှတ်(၇) နှင့် (၈) အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၅၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၅၇ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေး နှိုးဆော်ချက် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

## ကျောင်းကုန်း၌ မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်

**ကျောင်းကုန်း ဒီဇင်ဘာ ၃၁**

ကျောင်းကုန်းမြို့ ရန်ကုန်- ပုသိမ်ကားလမ်းဘေးရှိ TS စက်သုံးဆီဆိုင်၌ ယနေ့နံနက် ၁၁ နာရီက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ကြသည်။

အဆိုပါလက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြခြင်းသို့ ကျောင်းကုန်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်း ဦးဆောင်၍မီးသတ်တပ်ဖွဲ့ဝင်များနှင့် TS စက်သုံးဆီဆိုင်ဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)



# ရွှေ့ပြောင်းလူဦးရေစာရင်းအဖြစ် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ရှိကြောင်း ထုတ်ပြန်



**နေပြည်တော် ဒီဇင်ဘာ ၃၁**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသည့် အချက်အလက်များနှင့် ပတ်သက်၍ ရွှေ့ပြောင်းလူဦးရေစာရင်း ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC-2) ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ မန်းငြိမ်းမောင်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကောင်စစ်ဝန်ချုပ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပြည်တွင်း/ ပြည်ပသတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ Video Clip ကို ပြသသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းသည် အခြားသော လူဦးရေစာရင်းကောက်ယူ မှတ်တမ်းတင်ခြင်းလုပ်ငန်းများနှင့်မတူညီဘဲ အချိန်ကာလကြာမြင့်စွာ၊ ဘဏ္ဍာငွေများစွာဖြင့် စနစ်တကျ စီမံဆောင်ရွက်ရသည့် နိုင်ငံတော်စီမံကိန်းလုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရန် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သန်းခေါင်စာရင်း ရည်ညွှန်းချိန်အဖြစ် သတ်မှတ်၍ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူခဲ့ခြင်းဖြစ်ပြီး လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကြောင့် ဒေသအချို့တွင် ရက်တိုးမြှင့် ကောက်ယူခဲ့သည်များလည်းရှိပါကြောင်း။

**အဆင့်ဆင့်ထုတ်ပြန်သွားမည်**

ပင်မအစီရင်ခံစာကို အသေးစိတ်ပြုစုကာ ၂၀၂၅ ခုနှစ်မကုန်မီ ထုတ်ပြန်ပေးသွားမည် ဖြစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အစီရင်ခံစာများ၊ ဘာသာရပ်အလိုက် သုတေသန စာတမ်းများကိုလည်း ဆက်လက်ပြုစု၍ အဆင့်ဆင့် ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ယခုသန်းခေါင်စာရင်းကောက်ယူရာတွင် လုံခြုံရေးနှင့်လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် တစ်စိတ်တစ်ဒေသသာ ကောက်ယူနိုင်သည့် မြို့နယ်များရှိသကဲ့သို့ လုံးဝမကောက်ယူနိုင်သည့် မြို့နယ်များလည်းရှိပါကြောင်း၊ မကောက်ယူနိုင်သည့် ဒေသများတွင် ရှိသည့်လူဦးရေကို လူဦးရေပညာ၊ Remote Sensing နည်းပညာ၊ နိုင်ငံတကာ အကြံပေး၏ ခန့်မှန်းတွက်ချက်မှု၊ ဌာနဆိုင်ရာစာရင်းအင်းများ စသည်တို့ကို အသုံးပြု၍ခန့်မှန်းလူဦးရေစာရင်းကို တွက်ချက်ထားခြင်းဖြစ်ပါကြောင်း။

**လေ့လာဖော်ထုတ်သွားနိုင်**

ထို့ကြောင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းက ရရှိသည့် မြန်မာနိုင်ငံအတွင်းရှိ လူဦးရေမှာ ၅၁၃၁၆၇၅၆ ဦးဖြစ်ကြောင်းကို အသိပေးကြေညာ အပ်ပါကြောင်း၊ ယင်းစာရင်းမှာ သန်းခေါင်စာရင်း ကောက်ယူရရှိသည့် လူဦးရေ ၃၂၁၉၁၄၀၇ ဦးဖြစ်ပြီး စာရင်းမကောက်ယူနိုင်သည့် ဒေသများ၏ ခန့်မှန်းလူဦးရေ ၁၉၁၂၅၃၄၉ ဦးတို့ဖြစ်ပါကြောင်း၊ ယင်းတို့အနက် အမျိုးသား ၁၅၁၀၅၂၁၅ဦး၊ အမျိုးသမီး ၁၇၀၈၆၁၉၂ ဦးဖြစ်ပြီး၊ အမျိုးသား၄၆ ဒသမ ၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၃ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ လူဦးရေအချိုးကို လေ့လာကြည့်ပါက ရန်ကုန်တိုင်းဒေသကြီးတွင် ၁၄ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး ကယားပြည်နယ်တွင် ဝ ဒသမ ၆ ရာခိုင်နှုန်းဖြင့် လူဦးရေအနည်းဆုံး ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲမှုကို ကြည့်မည်ဆိုပါက ၁၈၉၁ ခုနှစ် သန်းခေါင်စာရင်းအရ ၇ ဒသမ ၇ သန်း သာရှိပြီး ၁၉၀၁ ခုနှစ်တွင် ၁၀ ဒသမ ၅ သန်း၊ ၁၉၂၁ခုနှစ်တွင် ၁၃ ဒသမ ၂သန်း၊ ၁၉၇၃ ခုနှစ်တွင် ၂၈ ဒသမ ၉ သန်း၊ ၁၉၈၃ ခုနှစ်တွင် ၃၅ ဒသမ ၃သန်းအထိ တိုးမြင့်လာပြီး ၂၀၁၄ ခုနှစ်တွင် ၅၁ ဒသမ ၅ သန်းရှိခဲ့ရာမှ ယခု ၂၀၂၄ ခုနှစ်တွင် စာရင်းမကောက်ယူနိုင်သည့် ဒေသများအတွက် ခန့်မှန်းတွက်ချက်မှုအပါအဝင် မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁ ဒသမ ၃ သန်းကျော်ဖြစ်ခြင်းကြောင့် လွန်ခဲ့သည့် ၁၀ နှစ်က လူဦးရေထက် အနည်းငယ် လျော့နည်းနေသည်ကို တွေ့ရပါကြောင်း၊ လူဦးရေပြောင်းလဲခြင်းသည် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ရွှေ့ပြောင်းခြင်းဆိုသည့် အကြောင်းရင်း(၃)ရပ်ကြောင့် ဖြစ်သည့်အတွက် ပင်မအစီရင်ခံစာ ထုတ်ပြန်ချိန်တွင် အကြောင်းရင်းကို လေ့လာဖော်ထုတ်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ လှုံ့ဆော်ရေးတေးသီချင်းဖြစ်သည့် တေးရေး သိန်းရွှေဝင်း၏ **"နိုင်ငံ့အကျိုးမျှော်ကိုးရည် သန်းခေါင်စာရင်းကောက်ကြမည်"** သီချင်းဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ထမ်းများက ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်တွင်း/ပြည်ပသတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းနှင့် ယနေ့ထုတ်ပြန်သည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

ပြည်သူအများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ကွင်းပြည့်ကွင်းလျှံ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယနေ့ည နှစ်သစ်ကိုကြိုဆိုသည့် ဖျော်ဖြေရေးအစီအစဉ်တွင် Music Band၊ DJ များဖြင့် တွဲဖက်၍ နိုင်ငံကျော်အဆိုတော်များက ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာ ပြည်သူများက လိုက်ပါသီဆို၍ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ယနေ့ညသည် ၂၀၂၄ ခုနှစ် နှစ်ဟောင်းကုန်၍ ၂၀၂၅ ခုနှစ် နှစ်သစ်သို့ကူးပြောင်းမည့် နှစ်သစ်ကူးအချိန်ကာလဖြစ်သည့်အတွက် ပွဲတော်လာ ပြည်သူများသည် ည ၁၂ နာရီ မထိုးမီ နှစ်သစ်ကူး Countdown ကို တပျော်တပါး သံပြိုင်ရေတွက်ကြပြီး ည ၁၂ နာရီတိတိတွင် Happy New Year ဟု တညီတညွတ်တည်း သံပြိုင်ဟစ်ကြွေးကြကာ မီးရှူးမီးပန်းများ ပစ်ဖောက်၍ ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအခါသမယကို ပျော်ရွှင်စွာ ကြိုဆိုကြသည်။

ထို့အတူ ဖျော်ဖြေရေးကွင်းအတွင်း၌ စားသောက်ဆိုင်များနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်များ၊ ဒေသထွက်ကုန်များနှင့် ဒေသအစားအစာများကို ဝယ်ယူစားသုံးကြသည့် ဖျော်ဖြေပွဲလာ ပြည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် အပျော်တမ်းဂိမ်းကစားကြသူများ၊ ချားရဟတ်စီးကြသူများ၊ Photo Booth များတွင် အမှတ်တရ အလှဓာတ်ပုံ ရိုက်ကြသူများဖြင့် အထူးစည်ကားခဲ့သည်။



အလားတူ New Year Countdown Live Show နှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက်မှစ၍ နေပြည်တော် ရေပန်းဥယျာဉ်၌ ကျင်းပရာ ယနေ့တွင် ပျော်ရွှင်စရာအစီအစဉ်များဖြင့် နှစ်သစ်ကူးပြောင်းမည့် အချိန်အခိုက်အတန့်ကို ရင်ခုန်စွာစောင့်မျှော် ပါဝင်ဆင်နွှဲကြသဖြင့် အထူးစည်ကားခဲ့သည်။

ရေပန်းဥယျာဉ်အတွင်း ဝင်ပေါက်လမ်းများတစ်လျှောက် ဘေးဝဲယာတွင် ရောင်စုံအလှမီးများ လှပစွာထွန်းညှိထားသည့်အပြင် ရေပန်းဥယျာဉ်အတွင်း၌လည်း ရေပန်းအလှများ၊ ကလေးများ ပျော်ရွှင်စွာ ဆော့ကစားရန် Water Park များ၊ အလှဓာတ်ပုံရိုက်ရန် Photo Booth များ ထားရှိပေးထားသည့်အတွက် မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများနှင့်အတူ အလှဓာတ်ပုံများ ပျော်ရွှင်စွာရိုက်ကြသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် ထိုင်းအစားအစာ၊ တရုတ်အစားအစာ၊ ကိုရီးယားအစားအစာ၊ မြန်မာ့ရိုးရာအစားအစာများ၊ ပင်လယ်စာအကင်များနှင့် အထောင်းမျိုးစုံများရောင်းချသည့် ဆိုင်ခန်းများအပြင် ကလေးကစားစရာ မီးလင်းရောင်စုံအရုပ် အရောင်းဆိုင်ခန်းများအပါအဝင် ဆိုင်ခန်းစုစုပေါင်း ၂၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ဝယ်ယူစားသုံးကြသူများဖြင့် စည်ကားလျက်ရှိသည်။

New Year Countdown Live Show နှင့် ဈေးရောင်းပွဲတော်တွင် နိုင်ငံကျော် တေးသံရှင်များနှင့် Dancer များက Art Robots Band၊ DJ များဖြင့်တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေတင်ဆက်ကြပြီး ည ၁၂ နာရီတွင် ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအခါသမယကို Countdown ရေတွက်၍ ပြည်သူများက Happy New Year သံပြိုင်ဟစ်ကြွေးကြကာ နှစ်သစ်ကို တစ်ခဲနက် ပျော်ရွှင်စွာ ကြိုဆိုခဲ့ကြသည်။

**သတင်းစဉ်**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# တို့ပြည် တို့မြေ အခွန့်ရှည် ဖွံ့ဖြိုးတိုးတက်စေ

နေမင်းသျှင်

ရန်ကုန်မြို့လယ် မဟာဗန္ဓုလပန်းခြံအတွင်း လွတ်လပ်ရေးကျောက်တိုင်ကြီးကို ခိုင်ခိုင်မတ်မတ် စိုက်ထူထားရှိခဲ့သည်မှာ နှစ်ပေါင်း ၇၇ နှစ်တာ ကြာညောင်းခဲ့ပြီဖြစ်သည်။ အဆင့်နှစ်ဆင့်ဖြင့် ပြေပြစ်စွာမြင့်တက်သွားသော စက်ဝိုင်းပုံ ရင်ပြင် ငယ်၏ အလယ်ဗဟိုရှိ လွတ်လပ်ရေးကျောက်တိုင်ကြီး၏အောက်ခြေတွင် လွတ်လပ်ရေးကြေညာစာတမ်းကို ကျောက်ထက်အက္ခရာ ကမ္ပည်းတင်ထားသည်ကို တွေ့ရှိနိုင်ပြီး မော့ကြည့်လိုက်မည်ဆိုပါက ကောင်းကင်ပြာပြာကြီးသို့ ထိုးထွက်နေသည့် အဖြူရောင် ကျောက်တိုင်ကြီးကို ခံ့ညားစွာတွေ့မြင်ကြရမည်ဖြစ်သည်။

၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် အင်အားကြီးမားသည့် နယ်ချဲ့တို့၏ ကျူးကျော်စစ်ကို ခုခံတိုက်ခိုက်ရင်း သူရဲကောင်းပီသစွာ ကျဆုံးသွားခဲ့သည့် စစ်သူကြီး မဟာဗန္ဓုလအား ဂုဏ်ပြုထားသည့် ပန်းခြံကြီးနှင့် လွတ်လပ်ရေးကျောက်တိုင်ကြီးတို့၏ ဝန်းကျင်တွင်တည်ရှိနေသော ဆူးလေစေတီတော်၊ မြို့တော်ခန်းမနှင့် ကိုလိုနီခေတ် မြို့ပြအမွေအနှစ် အဆောက်အအုံများက မြန်မာ့သမိုင်းကို တစ်ပိုင်းတစ်စ ပြောပြနေကြသည်။ အထူးသဖြင့် ၁၉ ရာစု ကမ္ဘာ့အင်အားကြီးနိုင်ငံ၏ နယ်ချဲ့ဝါဒနှင့် တရားမဲ့ပြုကျင့်ခဲ့သော စစ်ပွဲများ၊ ကျူးကျော်လာသူတို့ကို အစွမ်းကုန်တုံ့ပြန် တိုက်ခိုက်ခဲ့ကြပြီး စွန့်လွှတ်ခဲ့ကြရသည့် အသက်နှင့်သွေးများ၊ အတိတ်၏ပုံရိပ်များ၊ သမိုင်း၏စာမျက်နှာများက အဆောက်အအုံ နံရံများထံမှာ တရိပ်ရိပ်ရွေ့လျားနေကြသည်။ တစ်ပါးသူ ခြေဖနောင့်အောက်ကျရောက်ခဲ့ရသည့် သမိုင်းသည် ရှက်စရာ၊ နာကြည်းစရာဟု ဆိုရမည်ထက် သင်ခန်းစာယူစရာ၊ ထိုအမှားမျိုး နောင်မမှားအောင် ရှောင်ကြဉ်ကြဖွယ်ရာသာ ဖြစ်သည်။



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှိ လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်။

## သိမ်းပိုက်အသုံးချ ကိုလိုနီဘဝ

ဗြိတိသျှတို့က စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ မြန်မာနိုင်ငံကို တတိတတိ သိမ်းယူသွားခဲ့သည်။ ၁၉ ရာစုကာလသည် ကမ္ဘာပေါ်တွင် နယ်ချဲ့ဝါဒ၊ နယ်ချဲ့စနစ် အထွတ်အထိပ်သို့ ရောက်ချိန်ဖြစ်သည်။ နယ်ချဲ့စနစ်ဟူသည် အင်အားကြီးသည့်နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံ သို့မဟုတ် ဒေသ စသည်တို့မှ လူများအပါအဝင် သယံဇာတအရင်းအမြစ်များကို သိမ်းပိုက်အသုံးချခြင်းဖြစ်ပြီး ကိုလိုနီဘဝ ကျရောက်သွားသည့် နိုင်ငံနှင့် လူများကို အချိန်ကာလကြာမြင့်စွာ အာဏာ၊ အင်အားတို့ဖြင့် ဖိနှိပ်ထိန်းချုပ်ထားခြင်း ဖြစ်သည်။ နယ်ချဲ့သမားတို့က နိုင်ငံရေးအာဏာကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားပြီး သိမ်းပိုက်ထားသည့် နိုင်ငံများ၊ ဒေသများမှ လူ့အဖွဲ့အစည်းများ၊ လူမျိုးများကို ၎င်းတို့အောက် နိမ့်ကျစေရန်လည်း ဖိနှိပ်ထားသည်။ နယ်ချဲ့စနစ်သည် ၁၅ ရာစုနှောင်းပိုင်းမှစတင်ကာ ဒုတိယကမ္ဘာစစ်အပြီး နယ်ချဲ့အင်ပါယာများ ပြိုကွဲသည့်အချိန်အထိ ကြာမြင့်ခဲ့ပြီး ရာစုနှစ်များနှင့်ချီသည့် အဆိုပါကာလများအတွင်း အာရှ၊ အာဖရိက၊ လက်တင်အမေရိက နိုင်ငံများစွာတို့ကို ဥရောပနိုင်ငံ လက်တစ်ဆုပ်စာခန့်က ကိုလိုနီပြုခဲ့သည့်အနက် ကမ္ဘာမြေပြင်၏ လေးပုံတစ်ပုံကို လွှမ်းခြုံထားခဲ့သည့် ဗြိတိသျှအင်ပါယာသည် နေမဝင်အင်ပါယာအဖြစ် အကြီးမားဆုံး ဖြစ်ခဲ့သည်။

## နယ်ချဲ့စနစ်

နယ်ချဲ့စနစ်သည် ၁၉ ရာစုနှင့် ၂၀ ရာစု ကမ္ဘာ့ဖြစ်စဉ်များအပေါ် အကြီးအကျယ် လွှမ်းမိုးခဲ့ပြီး လက်အောက်ခံနိုင်ငံများ၏ ကံကြမ္မာများကိုလည်း ပြောင်းလဲသွားစေခဲ့သည်။ မြန်မာနိုင်ငံတွင် နယ်ချဲ့တို့က ဘုရင်စနစ်ကို အပြီးတိုင် ဖြိုချဖျက်သိမ်းပစ်ခဲ့ပြီး အရင်းရှင် ဗျူရိုကရေစီယန္တရားဖြင့် အုပ်ချုပ်ခဲ့ခြင်း၊ ပြည်မနှင့် တောင်တန်းဒေသများကို တစ်သီးတစ်ခြားစီ ခွဲခြားအုပ်ချုပ်ခဲ့ပြီး သွေးကွဲစေရန်ဖန်တီးမှုများပြုလုပ်ခဲ့ခြင်း၊ မြန်မာနိုင်ငံမှ ဆန်စပါး၊ ကျွန်းသစ်နှင့် ရေနံတို့ကို စီးပွားဖြစ်ထုတ်ယူခဲ့သော်လည်း စက်မှုလုပ်ငန်းထူထောင်မှုများ မပြုလုပ်ခဲ့ခြင်း၊ ဒုတိယကမ္ဘာစစ်ကာလ ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာရာတွင် စီးပွားရေးအခြေခံအဆောက်အအုံများ၊ အရင်းအမြစ်များအားလုံးကို မြေလှန်စနစ်ဖြင့် ဖျက်ဆီးသွားခဲ့ခြင်းနှင့် ဒုတိယကမ္ဘာစစ်အတွင်း စစ်မြေပြင်ဖြစ်ခဲ့ခြင်းတို့က မျက်မှောက်ကာလ မြန်မာနိုင်ငံ၏သမိုင်းကို ကြမ်းတမ်းစွာ ပုံဖော်ပေးခဲ့သည့် အဓိကအခြေခံအကြောင်းတရားကြီးများပင် ဖြစ်သည်။

## လွတ်လပ်ရေးရပြီးနောက်

လွတ်လပ်ရေးရပြီးနောက် ဆယ်စုနှစ်တစ်ခု ၁၉၄၈ခုနှစ်မှ ၁၉၅၈ခုနှစ်အထိ၊ ထို့နောက် နောက်ထပ်ငါးနှစ်ကာလ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်။ ထိုကာလများသည် မြန်မာနိုင်ငံတွင် အကွဲအပြဲဇာတ်လမ်းများ၊ ဆူပူသောင်းကျန်းမှုများနှင့် မုန်တိုင်းထန်နေချိန်ဖြစ်သည်။ လွတ်လပ်ရေးရယူနိုင်ရန်အတွက် တောင်တန်းပြည်မ စည်းလုံးညီညွတ်ရေး ရရှိနိုင်ရန် လုံ့လစိုက်ထုတ် ကြိုးပမ်းခဲ့သူ၊ ခေတ်သစ်မြန်မာ့တပ်မတော်ကြီးကို တည်ထောင်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတော့မည့် လအနည်းငယ်မျှအလိုတွင် ကျဆုံးသွားခဲ့ရခြင်းကလည်း လွတ်လပ်ပြီးနောက် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် သက်ရောက်မှုများစွာ ရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် အင်ပါယာအရှင်သခင်အဖြစ်မှ လျှောကျသွားခဲ့ရသည့် ဗြိတိသျှတို့ ယူနီယံဂျက်အလံကို ရုပ်သိမ်း၍ မြန်မာနိုင်ငံမှ ထွက်ခွာသွားချိန်တွင် စစ်ကြောင့် ထောင်းထောင်းကြေနေသည့် ဤနိုင်ငံရှိ လူမျိုးစုများအကြား နောင်အခါငြိမ်းရခက်မည့် သံသယမီးပွားမီးစကလေးများ

စာမျက်နှာ ၁၁ သို့

**❝ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရာတွင် အမျိုးသားအကျိုးစီးပွားနှင့် စပ်လျဉ်း၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို အစဉ်တစိုက် မမှိတ်မသုန် စွဲမြဲစွာခံယူ စောင့်ထိန်းသွားကြမည်ဟူ၍လည်းကောင်း၊ ဒီမိုကရေစီအရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းသွားကြမည်ဟူ၍ လည်းကောင်း၊ တိုင်းရင်းသားများအရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်းလူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ်စည်းလုံးညီညွတ်စွာ အတူတကွလက်တွဲ နေထိုင်ကြမည်ဟူ၍ လည်းကောင်း၊ နိုင်ငံတကာရေးရာနှင့်စပ်လျဉ်း၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကိုရှေးရှုလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရန် အစဉ်ကြိုးပမ်းကြမည်ဟူ၍ လည်းကောင်း သန္နိဋ္ဌာန်လေးရပ်ကို ချမှတ်ပြဋ္ဌာန်းခဲ့ ❞**

*စာမျက်နှာ ၁၀ မှ*

ထားရှိခဲ့ရာ ဤဆယ်စုနှစ်များအတွင်းမှာပင် မီးတောက်မီးလျှံများ တောက်လောင်လာ ခဲ့ရသည်။ နိုင်ငံလွတ်လပ်ရေး လှုပ်ရှားမှုများ ပြီးသည့်နောက် နိုင်ငံတည်ဆောက်ရေး (Nation Building) ဟူသော ကျယ်ပြန့်ရှုပ်ထွေးခက်ခဲသည့် လုပ်ငန်းကြီးကို ဆက်လက်ဆောင်ရွက်ကြရခြင်းမှာ လွတ်လပ်ပြီးစ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ခေါင်းဆောင်များ မဖြစ်မနေ ရင်ဆိုင်ကြရသည့်အခြေအနေဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ ကမ္ဘာစစ်အတွင်း ပြာပုံဘဝကျရောက်ခဲ့ရ သည့်နိုင်ငံ၊ စီးပွားရေးအခြေခံများ နတ္ထိဖြစ်နေသည့် နိုင်ငံ၊ ပယောဂဝင်နေသည့် အကွဲအပြဲများကို ခက်ခက်ခဲခဲ စုစည်းထားရသည့်နိုင်ငံ တစ်နိုင်ငံအနေဖြင့် သာမန်အားထုတ်ကြိုးပမ်းမှုမျိုးနှင့် မဖြစ်နိုင်သည်ကို အမြော်အမြင်ကြီးမားသည့် ခေါင်းဆောင်တစ်ဦးအနေဖြင့် ရှေးမဆွကပင် ကြိုတင်သိမြင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းက သူ၏ မိန့်ခွန်းတစ်ခုတွင် **“ဒီတော့ ကျွန်တော်တို့က တကယ်ပဲ သုညကစပြီး အကုန်လုံးပြန်ပြီးတော့ အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဆိုတော့ အခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်း လှမ်းရင်၊ တခြားလွတ်လပ်တဲ့နိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က ခြေလှမ်း ၄၊ ၅၊ ၁၀ လှမ်း လှမ်းလိုက်နိုင်မှ၊ အဲဒီလို လိုက်နိုင်တဲ့ အခါကျမှ နောက် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည်အားဖြင့် အဲဒီလို တန်းတူညီတူဖြစ်သွားမယ်။ တန်းတူညီတူမဖြစ်သမျှ ကာလပတ်လုံး ဒီတိုင်းပြည်ကြီးဟာ လွတ်လပ်တယ်ဆိုပေမယ့် ဟိုလူ့မြင်တဲ့အခါမှာ မျက်နှာချိုသွေးရ၊ ဒီလူ့ မြင်တဲ့အခါ မျက်နှာချိုသွေးရနဲ့ (  )လို နိုင်ငံမျိုးဖြစ်နေမှာပဲဆိုတာ ခင်ဗျားတို့ အတိအလင်း နားလည်ထားစေချင်တယ်”**ဟူ၍ ပြောကြားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံး မိန့်ခွန်းဖြစ်သည့် တိုင်းပြုပြည်ပြုလွှတ်တော်မိန့်ခွန်းပါ အဆိုပါ ပြောကြားချက်က နောက်မျိုးဆက် ပြည်သူများ အထိပါ နားထဲတွင်စွဲနေအောင် စိမ့်ဝင်ပျံ့နှံ့သည်။ သို့ရာတွင် ...။

### ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံ

ဖွံ့ဖြိုးဆဲနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအကြောင်းအရာမှာ စီးပွားရေးမဟုတ်ဘဲ နိုင်ငံရေးဖြစ်သည်ဟု ပညာရှင်များကဆိုသည်။ နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာမှာ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု ရှိ မရှိဟူသော အကြောင်းခြင်းရာပေါ်တွင် အခြေခံလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပြီး နိုင်ငံရေးဖွံ့ဖြိုး တိုးတက်မှုဆိုသည်မှာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော နိုင်ငံရေးအခြေအနေများ ဖွဲ့စည်းဖြစ်ပေါ်လာခြင်းကို ဆိုသည်။ သို့ဖြစ်ရာ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လိုပါက ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် နိုင်ငံရေးကိုရရှိအောင် လုပ်ဆောင်ရမည်ဟုလည်း စီးပွားရေးပညာရှင်တို့က ဆိုထားသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၅ နှစ်ကြာကာလသည် ရှေ့တွင်ဆိုခဲ့ပြီးသည့်အတိုင်း အကွဲအပြဲများ၊ ပဋိပက္ခများဖြင့်သာ ပြည့်နှက်နေခဲ့ရာ ယင်း၏ဒဏ်ကို နိုင်ငံ၏ လူများစုကြီးဖြစ်သော ကျေးလက်နေပြည်သူများက အဓိက အများဆုံးခံစားခဲ့ကြရသည်။

**“ခေတ်သစ်မြန်မာနိုင်ငံ၏ သမိုင်းကြောင်းသည် ခက်ခဲကြမ်းတမ်းမှုများ ရှိသော်ငြားလည်း မိုးတိမ်တိုက်များတွင် လှပသည့်ငွေရောင်အနားရေးများ ရှိတတ်စမြဲကဲ့သို့ပင် မိမိတို့နိုင်ငံတွင် အလှတရားများလည်း ရှိနေသည်သာပင်။ ၇၇ နှစ်တာ ကာလအတွင်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် မုန်တိုင်းထန်သည့်နေ့ရက်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ စွဲမြဲထက်သန်သည့် ပြည်တွင်းအင်အားများနှင့် စည်းလုံးညီညွတ်စွာ ဖြတ်သန်းကျော်လွှားနိုင်ခဲ့ ”**

ကိုလိုနီဘဝသို့ ကျရောက်ခဲ့ရသည့် ဖွံ့ဖြိုးဆဲနိုင်ငံ အများစုကဲ့သို့ပင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖွံ့ဖြိုးမှု (Political Development) အားနည်းရခြင်းသည် သမိုင်းရေးအခြေအနေအရ ဖြစ်ပေါ်ခဲ့ရသည့် အခြင်းအရာ တစ်ရပ်ပင်ဖြစ်သည်။ မြေရှင်ပဒေသရာဇ်စနစ်တွင် နှစ်ပေါင်းထောင်ချီရှိနေခဲ့သည့်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ကိုလိုနီအဖြစ်သိမ်းပိုက်ခံခဲ့ရပြီး ဗျူရိုကရေစီယန္တရားဖြင့် ဖိနှိပ်အုပ်ချုပ်မှုကို ခံခဲ့ရသည့်အခါ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ ခါးဆက်ပြတ်ခဲ့ရသည်။ နိုင်ငံလွတ်လပ်ရေးရသည့် အချိန်တွင်မူ အဘက်ဘက်တွင် ပုံပျက်ပန်းပျက်ဖြစ်ရသည်။ ဤသည်မှာ မြေရှင်ပဒေသရာဇ်စနစ်မှ ကိုလိုနီဘဝကျရောက်ခဲ့သည့် နိုင်ငံတိုင်း ကြုံတွေ့ကြရသည့် ဖြစ်ရပ်များပင်ဖြစ်သည်။

### နိုင်ငံရေးဖွံ့ဖြိုးမှု အားနည်း

မိမိတို့နိုင်ငံတွင် နိုင်ငံရေးဖွံ့ဖြိုးမှု အားနည်းသည့် လေဟာနယ်ဆီသို့ ဝင်ရောက်လာသည့် အင်အားစုမှာ လွတ်လပ်ရေးကြိုးပမ်းမှုမှ ပေါက်ဖွားလာသည့် မြန်မာ့တပ်မတော်ဖြစ်သည်။ နိုင်ငံကို စည်းနှောင်ထားသည့် တစ်ခုတည်းသော အင်စတီကျူးရှင်းဖြစ်သည့် တပ်မတော်အနေဖြင့် မူလတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်အပြင် မလွှဲသာမရှောင်သာဆိုသလို နိုင်ငံရေးဦးဆောင်မှုနယ်ပယ်ဆီသို့ ဝင်ရောက်လာရခြင်းသည် သမိုင်းရေးလိုအပ်ချက်အရဟု ဆိုစေကာမူ စွန့်စားရသည့်ကိစ္စလည်းဖြစ်သည်။ အဘက်ဘက်တွင် အားနည်းချည့်နဲ့လျက်ရှိပြီး အခက်အခဲ၊ အကျပ်အတည်းများ၊ အနှောင့်အယှက်၊ အဟန့်အတားများ တင်းကြမ်းပြည့်နေသည့်နိုင်ငံကို ပြုပြင်ပြောင်းလဲတည်ဆောက်နိုင်ရန်မှာ အောင်ပွဲရပါက ဟီးရိုးဖြစ်နိုင်သော်လည်း အရေးနိမ့်ပါက ဗီလိန်ဖြစ်သွားနိုင်သည်။ မိမိတို့နိုင်ငံ၏ သမိုင်းတွင် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ကြားကာလမှာ သာဓကပင်ဖြစ်သည်။

စစ်ကြီးပြီးစ ကိုလိုနီဘဝမှ လွတ်မြောက်လာခဲ့ကြသည့် တတိယကမ္ဘာ နိုင်ငံအများစုတို့က ဆိုရှယ်လစ်လမ်းစဉ်ကို တိမ်းညွတ်ခဲ့ကြရာ မိမိတို့မြန်မာနိုင်ငံလည်း ပါဝင်သည်။ ကိုလိုနီခေတ် နယ်ချဲ့အရင်းရှင်စီးပွားရေးကို ဆက်ခံခဲ့သည့် ပါလီမန်ဒီမိုကရေစီခေတ် စီးပွားရေးမှာ မြန်မာတို့လက်ထဲတွင် မရှိဘဲ နိုင်ငံခြားသားများ လက်ထဲတွင်သာ ရှိနေခြင်းအပေါ် ဇာတိပုညဂုဏ်မာနဖြင့် ဆိုရှယ်လစ်လမ်းစဉ်ကို အကောင်အထည်ဖော်ခဲ့ကြရာ အမှန်တကယ်အားဖြင့် မြန်မာနိုင်ငံတွင် အရင်းရှင်စီးပွားရေးလုပ်ငန်းကြီးများ အခြေတည်ဖွံ့ဖြိုးမှု မရှိသေးခြင်း၊ စီမံခန့်ခွဲမှုများ မကျွမ်းကျင်ခြင်းနှင့် လွဲမှားခြင်း၊ စီးပွားရေး စီမံကိန်းများအောင်မြင်မှု မရခြင်းတို့ကြောင့် မျှော်မှန်းသည့်ပန်းတိုင်သို့ မရောက်ခဲ့။ နိုင်ငံတွင်တင်ရှိလာသည့် ကြွေးမြီများ လျှော့ပေါ့သက်သာရေး ဟူသော ရည်ရွယ်ချက်ဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (Least Developed Countries –LDC) စာရင်းသို့ ၁၉၈၇ ခုနှစ်တွင် ဝင်ရောက်ခဲ့ရပြီး ၁၉၈၈ ခုနှစ်တွင် နိုင်ငံ၏ သမိုင်းကြောင်းသည်လည်း အချိုးအကွေ့တစ်ခုပေါ်သို့ ရောက်ရှိ သွားခဲ့ရသည်။

ယင်းကာလသည် ကမ္ဘာပေါ်တွင် ဒုတိယကမ္ဘာစစ်အပြီးမှ စတင်ကာဖြစ်ပွားနေသည့် စစ်အေးတိုက်ပွဲ (Cold War) ၁၉၄၇ – ၁၉၉၀ နိဂုံးကမ္ပတ်အဆုံးသတ်ခါနီး အချိန်ဖြစ်ပြီး လက်ဝဲအတွေးအခေါ်အယူအဆများ၊ ဆိုရှယ်လစ်/ကွန်မြူနစ်နိုင်ငံများ၏ နေဝင်ချိန်လည်းဖြစ်ခဲ့သည်။ ဈေးကွက်စီးပွားရေးနှင့် ဒီမိုကရေစီစနစ်သို့ ကမ္ဘာ့နိုင်ငံအများစုတို့ ရေးရှူလာခဲ့ကြရာ မြန်မာနိုင်ငံသည်လည်း ပြည်သူတို့၏ အလိုဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် တိုင်းပြည်ကို ရှေ့ခရီးသို့ ဆက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြရသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရာတွင် အမျိုးသားအကျိုးစီးပွားနှင့် စပ်လျဉ်း၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို အစဉ်တစိုက် မမိုတ်မသုန် စွဲမြဲစွာခံယူစောင့်ထိန်းသွားကြမည်ဟူ၍လည်းကောင်း၊ ဒီမိုကရေစီအရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် **စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းသွားကြမည်ဟူ၍ လည်းကောင်း၊ တိုင်းရင်းသားများအရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ်စည်းလုံးညီညွတ်စွာ အတူတကွလက်တွဲနေထိုင်ကြမည်ဟူ၍ လည်းကောင်း၊ နိုင်ငံတကာရေးရာနှင့်စပ်လျဉ်း၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကိုရှေးရှုလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရန် အစဉ်ကြိုးပမ်းကြမည်ဟူ၍ လည်းကောင်း သန္နိဋ္ဌာန်လေးရပ်ကို ချမှတ်ပြဋ္ဌာန်းခဲ့ခြင်းပင်ဖြစ်သည်။**


### တိုက်မြင့်ကြီးများကြားမှ အိမ်ငယ်တစ်လုံး

ဤဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ပြည်သူလူထု ရွေးကောက်ခံ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ရပ်လည်း ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ လွတ်လပ်ပြီး ၇၇ နှစ်သက်တမ်းသို့ရောက်ရှိလာသည့် မိမိတို့နိုင်ငံ၏ အခြေအနေမှာ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက တိုက်မြင့်ကြီးများကြားမှ အိမ်ငယ်တစ်လုံးသဖွယ်ပင်ဖြစ်သည်။ တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုး၊ တစ်ဦးချင်းဝင်ငွေ၊ နိုင်ငံသားတို့၏ မျှော်မှန်းလူ့သက်တမ်း၊ မြေတစ်ဧကချင်းစီ စိုက်ပျိုးထုတ်လုပ်မှု၊ တောင်သူတစ်ဦးချင်းစီ၏ စိုက်ပျိုးထုတ်လုပ်မှု စသည်ဖြင့် အဘက်ဘက်တို့တွင် နိမ့်ကျနေသည်။ နိုင်ငံအတွက် မလိုလားအပ်သည့် အညွှန်းကိန်းများတွင်မူ မြင့်နေကြသည်ကိုလည်း တွေ့ရသည်။ လက်ရှိကာလတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံရွေးကောက်ပွဲ မဲမသမာမှုကို အကြောင်းပြုလျက် ဖြစ်ပေါ်လာသည့် အရေးပေါ်အခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရခြင်းလည်း ဖြစ်သည်။

**ခေတ်သစ်မြန်မာနိုင်ငံ၏ သမိုင်းကြောင်းသည် ခက်ခဲကြမ်းတမ်းမှုများရှိသော်ငြားလည်း မိုးတိမ်တိုက်များတွင် လှပသည့်ငွေရောင်အနားရေးများ ရှိတတ်စမြဲကဲ့သို့ပင် မိမိတို့နိုင်ငံတွင် အလှတရားများလည်း ရှိနေသည်သာပင်။ ၇၇ နှစ်တာ ကာလအတွင်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် မုန်တိုင်းထန်သည့်နေ့ရက်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ စွဲမြဲထက်သန်သည့် ပြည်တွင်းအင်အားများနှင့် စည်းလုံးညီညွတ်စွာ ဖြတ်သန်းကျော်လွှားနိုင်ခဲ့**ခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်ပေးနိုင်မည့် ရန်းကန်အားကို မရနိုင်သေးစေကာမူ တရွေ့ရွေ့တိုးတက်မှု ရရှိနေခြင်းနှင့် တိုင်းပြည်တွင် ပိုင်ဆိုင်ထားသည့် ရေ၊ မြေသယံဇာတများတွင် လုပ်အားကိုအရင်းပြုကာ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းတို့ကြောင့် စားရမဲ့၊ သောက်ရမဲ့ ခေါင်းပါးသည့်အခြေအနေမျိုးသို့ မည်သည့်အခါမျှ မရောက်ရှိနိုင်ခြင်းပင်ဖြစ်သည်။

### အဓိကအကျဆုံး လိုအပ်ချက်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အဓိကအကျဆုံး လိုအပ်ချက်မှာ စည်းလုံးညီညွတ်ရေးဖြစ်ပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှု ရရှိပြီဆိုပါက ငြိမ်းချမ်းရေးက တစ်ပါတည်း ဖြစ်ထွန်းလာမည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်ချက်ဖြစ်ရာ နိုင်ငံတစ်ဝန်းငြိမ်းချမ်းခြင်း၏ ရလဒ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်ခြင်း၊ သာယာဝပြောခြင်းတို့ပင်ဖြစ်သည်။ ခေတ်သစ်မြန်မာနိုင်ငံတော်၏ အခိုင်အမာ အင်စတီကျူးရှင်း ဖြစ်သည့် တပ်မတော်နှင့် နိုင်ငံ၏အဓိက အင်အားဖြစ်သော နိုင်ငံသားပြည်သူများ၏ ပူးပေါင်းလက်တွဲဆောင်ရွက်မှုဖြင့် စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးတို့ကို ဖော်ဆောင်နိုင်ကြပါရန် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုတိုက်တွန်းအပ်ပါကြောင်း။ ။



၁၉၄၈ ခုနှစ်က လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင် စတင်တည်ဆောက်စဉ်။

# ရန်ကုန်တိုင်းဒေသကြီး၌ 2025 Countdown Festival ကို ပြည်သူ့ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအပန်းပြေပျော်ရွှင်စေရန်နှင့် ၂၀၂၅ ခုနှစ် နှစ်သစ်ကို သာယာပျော်ရွှင်ချမ်းမြေ့စွာ ကြိုဆိုနိုင်ရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရက ကြီးမှူးကျင်းပသည့် 2025 New Year Countdown Festival ကို ပြည်သူ့ရင်ပြင်တွင် ယနေ့ညနေပိုင်းတွင်ကျင်းပရာ ပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။** (ယာပုံ)




ရန်ကုန်တိုင်းဒေသကြီး 2025 Yangon New Year Countdown ပွဲတော်ကို ဒီဇင်ဘာ ၃၁ ရက် မွန်းတည့် ၁၂ နာရီမှ စတင်၍ကျင်းပရာ ပွဲတော်တွင် နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ DJ ပညာရှင်များ၊ အကအဖွဲ့များနှင့် မျိုးဆက်သစ် တေးသံရှင်များစွာတို့က ဖျော်ဖြေတင်ဆက်ကြပြီး မီးရှူးမီးပန်း ပစ်ဖောက်ခြင်း၊ စတုဒိတာများကျွေးမွေးလှူဒါန်းခြင်းတို့ဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ထို့ပြင် လာရောက်လည်ပတ်ကြသူများ စားရေးသောက်ရေးအဆင်ပြေစွာ ဝယ်ယူ စားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်များနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်များ အပါအဝင် ဆိုင်ခန်းပေါင်း ၁၀၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသောက်ကြသူများဖြင့် စည်ကားလျက်ရှိပြီး ပျော်ရွှင်မှုများနှင့်အတူ သန့်ရှင်းစွာ စည်းကမ်းရှိသည့် ပွဲတော်ဖြစ်စေရေးအတွက် အမှိုက်များစနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံးများအပြင် Mobile Toilet များ ထားရှိဆောင်ရွက်ခဲ့သည်။

ထို့ပြင် Countdown ရေတွက်သည့် အစီအစဉ်အပါအဝင် ဂီတဖျော်ဖြေရေး အစီအစဉ်များကို မွန်းတည့် ၁၂ နာရီမှ စတင်၍ ည ၁၂ နာရီကျော်အထိ သီဆိုကပြဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ပြီး ဝင်ကြေးကို အခမဲ့သတ်မှတ်ထားကာ ပွဲတော်သို့ လာရောက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် YBS မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးထားသဖြင့် လာရောက်လည်ပတ်သူများ စိတ်ချမ်းမြေ့စွာဖြင့် အထူးစည်းကာစွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

အလားတူ 2025 Yangon New Year Countdown ပွဲတော်ကို ကျိုက္ကစံကွင်းနှင့် လှိုင်သာယာမြို့နယ်တို့တွင်လည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

❖ *ကျော့ဖုံးမှ*

ထို့ပြင် ဒေသခံများနှင့် အနယ်နယ် အရပ်ရပ်မှ ပြည်သူများ တပျော်တပါး နှစ်သစ်ကူးအခါသမယကို ဆင်နွှဲနိုင်ရန် အတွက် နှစ်သစ်ကူးအထိမ်းအမှတ် ပွဲတော်ကို ညနေ ၆ နာရီမှစတင်၍ ၂၆ လမ်းနှင့် ၆၆ လမ်း(ကျုံးထောင့်)တွင် ဖျော်ဖြေရေးစင်မြင့်ထားရှိ၍ နိုင်ငံကျော် အဆိုတော်များ၏ ဖျော်ဖြေမှုများနှင့်အတူ ပျော်ပွဲရွှင်ပွဲများ ထည့်သွင်း၍ကျင်းပခဲ့သည်။

ပွဲတော်သို့ လာရောက်ဆင်နွှဲသည့် ကိုလှမြင့်သိန်းက "နှစ်သစ်ကိုကြိုဆိုဖို့ အတွက် လာရောက်ဆင်နွှဲခြင်း ဖြစ်ပါတယ်။ နှစ်သစ်ကူးချိန်ကိုစောင့်ပြီး Happy New Year လို့ မိသားစုလိုက် သံပြိုင်အော်ဟစ်ပြီး နှစ်သစ်ကိုဖြတ်ကျော်ချင်ပါတယ်။ ပျော်ရွှင်ဖွယ်ဖြစ်အောင် နှစ်သစ်ကူး ပွဲစီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ လျှပ်စစ်ရောင်စုံ အလှမီးတွေ ထွန်းညှိထားတာကြောင့် လည်း ပွဲတော်ကြီးကို လှပစေပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ အဆိုတော်တွေရဲ့ သီချင်းတွေကို နားဆင်ခံစားပြီး ကခုန်ခွင့် ရတဲ့အတွက်လည်း ပြီးပြည့်စုံတဲ့ နှစ်သစ်ကူး ညတစ်ည ဖြစ်တယ်လို့ခံစားမိပါတယ်" ဟု ပြောသည်။

အဆိုပါ ပွဲတော်တွင် ဖျော်ဖြေရေး စင်မြင့်ထားရှိပြီး မန်းစည်ပင် ခေတ်ပေါ် တေးဂီတနှင့် DJ အစီအစဉ်များဖြင့် တွဲဖက်၍ နိုင်ငံကျော်အဆိုတော်များ၏ မြူးကြွစွာ သီဆိုဖျော်ဖြေမှုများကြောင့် နှစ်သစ်ကူးပွဲတော်ကို ပိုမိုအသက်ဝင်စေခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ပြည်သူများ အနေဖြင့်လည်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ နှစ်ကူးအချိန်ကာလကို အတူတကွ ဖြတ်ကျော်ကြသည်။

ပွဲတော်သို့ လာရောက်ဆင်နွှဲကြသူများ အစားအသောက်များ သုံးဆောင်နိုင်ရန်အတွက်လည်း စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပေးခဲ့ပြီး ကား၊ ဆိုင်ကယ်များ စနစ်တကျ အပ်နှံနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးထားသည်။

ထို့နောက် ပွဲတော်လာပြည်သူများသည် နှစ်သစ်ကူးအချိန်ကာလဖြစ်သည့် ည ၁၂ နာရီမထိုးမီ နှစ်ကူး Countdown ကို တပျော်တပါး ရေတွက်ကြကာ ည ၁၂ နာရီတိတိတွင် Happy New Year ဟု တညီတညွတ်တည်း သံပြိုင်ရေရွတ်ကာ မီးရှူး မီးပန်းများပစ်ဖောက်၍ နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုခဲ့ကြသည်။**မောင်အေးချမ်း**



❒ *ကျော့ဖုံးမှ*

လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၂) ကို ဇန်နဝါရီ ၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး Maryar အသင်းနှင့် လက်ဝဲသုန္ဒရအသင်း၊ YCDC Marga Youth အသင်းနှင့် KKY အသင်း၊ JZ Yangon အသင်းနှင့် Black Cross အသင်း၊ Gold Dream အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း၊ 7 Brother အသင်းနှင့် Pacific Sun Far အသင်း၊ 7 Dragon အသင်းနှင့် TG United အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လိဂ်-၂ ပြိုင်ပွဲတွင်မူ Pacific Sun Far အသင်း၊ 7 Brother အသင်း၊ TG United အသင်း၊ KKY အသင်းနှင့် JZ Yangon အသင်းတို့က သုံးမှတ်စီ၊ Gold Dream အသင်းနှင့် YCDC Marga Youth အသင်းတို့က တစ်မှတ်စီရရှိထားကာ လက်ဝဲသုန္ဒရအသင်း၊ Black Cross အသင်း၊ 7 Dragon အသင်း၊ Maryar အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က အမှတ်မရသေးပေ။ **ရဲရင့်လွင်**

## လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

လမ်းမတော်မြို့နယ်၌ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါကျောင်းရှိ မြတ်ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ အ.ထ.က(၂) လမ်းမတော် နှစ်(၁၀၀)ပြည့်အခမ်းအနားကိုလမ်းမတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးလှသိန်း၊ လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်သန်း၊ အ.ထ.က(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာမော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး အ.ထ.က (၂) လမ်းမတော်အထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူများက အလယ်တန်းဆင့်ဂီတသင်ရိုးမှ "မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးလှသိန်းက ဂုဏ်ပြုစကား ပြောကြားပြီး အ.ထ .က (၂) လမ်းမတော် ကျောင်းအုပ်ဆရာမကြီးက ကျောင်းသမိုင်းအကြောင်းကို ပြောကြားပြီး Grade – 1 ကျောင်းသား ကျောင်းသူများက "နိုင်ငံချစ်သူ" ကဗျာအား ရွတ်ဆိုဖျော်ဖြေကြသည်။ ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် အလယ်တန်းအဆင့် ပထဝီဝင်ဘာသာရပ်သင်ရိုးမှ ASEAN နိုင်ငံများအကြောင်း သင်ထောက်ကူ ပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး Grade – 3 ကျောင်းသား ကျောင်းသူလေးများက "ချစ်စရာတောသူလေးနှင့် ဝက်ဝံလေး" ကဗျာဖြင့် တေးသရုပ်ဖော် တင်ဆက်ကပြခြင်း၊ Grade – 4 ကျောင်းသား ကျောင်းသူများက "ဂျိမ်းဖော" သီချင်းဖြင့် ကပြဖျော်ဖြေခြင်း၊ အလယ်တန်း ကျောင်းသူများက "ရှမ်းရိုးမက အိုးစည်သံ" သီချင်းဖြင့် ကပြဖျော်ဖြေခြင်း၊ အထက်တန်း၊ အလယ်တန်းကျောင်းသူများက အလယ်တန်းဆင့်ဂီတသင်ရိုးမှ "ပြည်ထောင်စုကြီးထာဝရတည်တံ့စေသား" သီချင်းဖြင့် ကပြဖျော်ဖြေခြင်း၊ အထက်တန်း၊ အလယ်တန်း ကျောင်းသားများက အလယ်တန်းဆင့် ဂီတသင်ရိုးမှ "ဆုကြီးပန်" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ကျော်ဆန်းမြင့် (ပြန်/ဆက်)**



မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# လူအသေအပျောက်များသော ခရီးသည်တင်လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေးရေးတွင် အမေရိကန်တာဝန်ရှိသူများ ပူးပေါင်းပါဝင်လာ

**ဆိုးလ် ဒီဇင်ဘာ ၃၁**

တောင်ကိုရီးယားနိုင်ငံတွင် ဒီဇင်ဘာ ၂၉ ရက်က လူအသေအပျောက်များသော ခရီးသည်တင်လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေးရေးတွင် အမေရိကန်ပြည်ထောင်စုမှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်လာကြောင်း သိရသည်။

တောင်ကိုရီးယားတန်ဖိုးနည်း လေကြောင်းလိုင်း ဂျယ်ဂျူးလေကြောင်းလိုင်းမှ ဘိုးရင်း ၇၃၇ လေယာဉ်သည် လေယာဉ်ဝမ်းဗိုက်ပိုင်းဖြင့် ဆင်းသက်ခဲ့ပြီး တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်းရှိ မြူအန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အတားအဆီးတစ်ခုကို ဝင်တိုက်မိခဲ့သောကြောင့် လေယာဉ်ပေါ်ပါ ၁၈၁ ဦးအနက် ၁၇၉ ဦး သေဆုံးမှု ဖြစ်ပွားခဲ့သည်။

အမေရိကန်အမျိုးသား သယ်ယူပို့ဆောင်မှု ဘေးကင်းရေးဘုတ်အဖွဲ့နှင့် ဘိုးရင်းအဖွဲ့တို့မှ တာဝန်ရှိသူများသည် အခင်းဖြစ်ပွားသည့်နေရာသို့ ရောက်ရှိလာကြပြီး ဒီဇင်ဘာ ၃၁ ရက်တွင် တောင်ကိုရီးယား စုံစမ်းစစ်ရေးဘုတ်အဖွဲ့နှင့်အတူ ပူးတွဲစုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

လေယာဉ်အသံဖမ်းစက်နှင့် အခြားကိရိယာများမှ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီးနောက် အခင်းဖြစ်ပွားရခြင်း၏ အသေးစိတ်အချက်အလက်များကို ဆုံးဖြတ်နိုင်မည်ဟု ယုံကြည်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ယွန်ဟပ်သတင်းဌာနက ကိုးကားဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**




# ကမ္ဘာတစ်ဝန်းရှိ ပြည်သူသန်းချီ ၂၀၂၅ နှစ်သစ်ကို ဆင်နွှဲရန် စောင့်ကြို

**အောက်ကလန် ဒီဇင်ဘာ ၃၁**

နယူးဇီလန်နိုင်ငံ အောက်ကလန်မြို့သည် ၂၀၂၅ နှစ်သစ်ကို ကြိုဆိုသည့် ပထမဆုံးမြို့ဖြစ်ကြောင်းနှင့် နယူးဇီလန်၏ အမြင့်ဆုံး အဆောက်အအုံတစ်ခုဖြစ်သော စကိုင်းမျှော်စင်မှ ပစ်လွှတ်လိုက်သော ရောင်စုံ မီးရှူးမီးပန်းများနှင့် ရင်သပ်ရှုမောဖွယ် မြို့လယ်ရှိုးပွဲများကို ကြည့်ရှုအားပေးရင်း ထောင်ပေါင်း များစွာသော နှစ်သစ် ကြိုဆိုသူများသည် ၂၀၂၅ နှစ်သစ်ကို ရောက်ရှိရန် စောင့်ဆိုင်းလျက်ရှိသည်။



တောင်ပစိဖိတ် သမုဒ္ဒရာဒေသအတွင်းရှိ နိုင်ငံများသည် နှစ်သစ်ကူးချိန်ကို အခြားနိုင်ငံများထက် ဆောလျင်စွာကြိုတွေ့ရမည်ဖြစ်သလို ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများနှင့် မြို့များသည်လည်း ၎င်းတို့၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများအတိုင်း နှစ်သစ်ကူးကို ဆင်နွှဲရန် စောင့်ကြိုလျက်ရှိသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီဆိပ်ကမ်းတံတားနှင့် မြစ်ချောင်းတစ်လျှောက်တွင်လည်း မီးရှူးမီးပန်းများကို ပစ်ဖောက်လျက် နှစ်သစ်ကိုစောင့်ကြိုလျက်ရှိသည်။ ပြည်သူသန်းချီ ဆစ်ဒနီဆိပ်ကမ်းတံတားတွင် နှစ်သစ်ကို ဆင်နွှဲရန် စောင့်ဆိုင်းလျက်ရှိသည်။

အာရှ တစ်ခွင်တွင်လည်း ၂၀၂၅ နှစ်သစ်ဖြစ်သော မြွေနှစ်ကို ကြိုဆိုရန် အသင့်ဖြစ်နေကြပြီဖြစ်သည်။ ၁၇၉ ဦး လေယာဉ်ပျက်ကျမှုတွင် သေဆုံးပြီးနောက် တောင်ကိုရီးယားနိုင်ငံတွင် နှစ်သစ်ကြိုဆိုသည့်ပွဲလမ်းများကို ဖျက်သိမ်းခြင်းသို့မဟုတ် ကျင်းပခွင့်များကို တားမြစ်ထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတွင်ကျင်းပသည့် နှစ်သစ်ကူးအခမ်းအနားများတွင် မီးရှူးမီးပန်းများကို အလှပြပစ်ဖောက်မည်ဖြစ်ပြီး ဒရုန်း ၈၀၀ ပါဝင်သည့် ဒရုန်းပြပွဲကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

အစ္စရေးသည် ဂါဇာကမ်းမြောင်ဒေသတွင် ဟားမားစ်တို့နှင့် ပဋိပက္ခဖြစ်ပွားနေသည့်အတွက် နှစ်သစ်ကူးအခမ်းအနား ကျင်းပရန် အခွင့်အလမ်းသာလိမ့်မည်မဟုတ်ချေ။

ဒူဘိုင်းတွင်လည်း လူထောင်ပေါင်းများစွာသည် ကမ္ဘာ့အမြင့်ဆုံးမျှော်စင် ဘာ့ဂျ်ခါလီဖာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မီးရှူးမီးပန်းပြပွဲကို လာရောက်၍ နှစ်သစ်ကို ကြိုမည်ဖြစ်သည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တိန်နှင့် ပြင်သစ်စသည့် ကမ္ဘာ့နိုင်ငံတစ်လွှားရှိ ထောင်ပေါင်းများစွာသော နှစ်သစ်ကြိုဆိုသူများသည် ၂၀၂၅ နှစ်သစ်ကို ကြိုဆိုရန် ရင်ခုန်လှုပ်ရှားစွာ စောင့်ဆိုင်းလျက်ရှိသည်။ **အေပီ**

# ဖမ်ဘီယာ၌ တတိယမြောက် မျောက်ကျောက်ဖြစ်ပွားသူတွေ့ရှိ

**လူဆာကာ ဒီဇင်ဘာ ၃၁**

ဇမ်ဘီယာကျန်းမာရေးအာဏာပိုင်များသည် ဒီဇင်ဘာ ၃၀ ရက်တွင် နိုင်ငံ၏ တတိယမြောက် မျောက်ကျောက်ရောဂါဖြစ်ပွားမှု တွေ့ရှိကြောင်းကို အစီရင်ခံဖော်ပြခဲ့သည်။

ကော့ပါးဘတ်ပြည်နယ် ခစ်ထွေးမြို့တွင် ပြီးခဲ့သည့် သီတင်းပတ်က ရောဂါကူးစက်ဖြစ်ပွားမှုတွေ့ရှိခဲ့သော အသက် ၃၄ နှစ်အရွယ် အမျိုးသမီး၏ ခင်ပွန်းတွင် တတိယမြောက် မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ခေတ္တကျန်းမာရေးဝန်ကြီး ဒေါက်တာလပ်စ်စယာခါလီမာက အတည်ပြုပြောသည်။

နှစ်ဦးစလုံး နေအိမ်တွင် သီးသန့်ခွဲခြားနေထိုင်လျက်ရှိပြီး အခြေအနေတည်ငြိမ်လျက်ရှိကြောင်း၊ ကျန်းမာရေးတာဝန်ရှိသူများက ၎င်းတို့ကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း စယာခါလီမာက ပြောသည်။ အနီးကပ်ထိတွေ့သူ ရှစ်ဦးကို စောင့်ကြည့်လျက်ရှိပြီး ရောဂါလက္ခဏာပြသခြင်းမရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# အစ္စလာမ့်ဂျီဟတ်တပ်မှူးကို သုတ်သင်နိုင်ခဲ့ဟု အစ္စရေး ပြော

**ဂျေရုဆလင် ဒီဇင်ဘာ ၃၁**

အစ္စရေးလေတပ်သည် ဒီဇင်ဘာလက အစောပိုင်းလေကြောင်းတိုက်ခိုက်မှုတစ်ခုတွင် ပါလက်စတိုင်းအစ္စလာမ့်ဂျီဟတ်(ပီအိုင်ဂျေ)၏ တပ်မှူးအန်နပ်စ်မိုဟာမက် ဆာဒီ မာစရီကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း ပြောကြားလိုက်သည်။

မာစရီသည် အစ္စရေးတောင်ပိုင်းမှ အရပ်သားများနှင့် တပ်မတော်သားများကို ဂါဇာမြောက်ပိုင်းမှ တိုက်ရိုက်ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုတွင် တာဝန်ရှိသူဖြစ်ကြောင်း အစ္စရေးတပ်မတော်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ပီအိုင်ဂျေက အစ္စရေး၏ ထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး မှတ်ချက်တစ်စုံတစ်ရာပေးခြင်း မရှိသေးပေ။

**ဆင်ဟွာ**

# ဂါဇာ၌ ပြင်းထန်သောအအေးဒဏ်ကြောင့် ကလေးငယ်များ သေဆုံးမှုဖြစ်ပွား

**ဂါဇာ ဒီဇင်ဘာ ၃၁**

မွေးကင်းစ ကလေးငယ်နှင့် တစ်နှစ်အောက် ကလေးငယ်လေးဦးအပါအဝင် ပြင်းထန်သော အအေးဒဏ်ကြောင့် လူပေါင်း ခုနစ်ဦးသေဆုံးကြောင်း ဂါဇာကမ်းမြောင် အာဏာပိုင်များက ပြောသည်။

အစ္စရေးနှင့် အစ္စလာမ့်အဖွဲ့ ဟားမားစ်တို့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ပတ်သက်ပြီး သဘောတူညီမှုရရှိရေး အလားအလာ အနည်းငယ်သာရှိကြောင်း ဒီဇင်ဘာ ၃၀ ရက်တွင် အာဏာပိုင်များက ထုတ်ပြန်ကြေညာခဲ့သည်။




အစ္စရေး၏ပစ်ခတ်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာလာသူများ နေထိုင်လျက်ရှိသော ရွက်ဖျင်တဲများ။

ဂါဇာကမ်းမြောင်ရှိ လူအများစုသည် အစ္စရေးတို့၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာလာခဲ့ကြရပြီး ရွက်ဖျင်တဲများတွင် နေထိုင်ကြရကြောင်း သိရသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ပဋိပက္ခစတင်ဖြစ်ပွားချိန်မှစ၍ ဂါဇာကမ်းမြောင်တွင် သေဆုံးသူပေါင်း ၄၅၅၄၁ ဦးရှိလာကြောင်း ဒေသန္တရ ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။

**ဆင်ဟွာ**

# ဆိုးလ်မြို့ ဈေးတစ်ခု၌ ကားတစ်စီးက လူအုပ်ကို ဝင်တိုက်မှုကြောင့် ၁၃ ဦး ထိခိုက်ဒဏ်ရာရ

**ဆိုးလ် ဒီဇင်ဘာ ၃၁**

တောင်ကိုရီးယားနိုင်ငံ၏ မြို့တော်ဆိုးလ်ရှိ ဈေးတစ်ခုတွင် ဒီဇင်ဘာ ၃၁ ရက်က လူအုပ်ကို ကားတစ်စီးက ဝင်တိုက်မှုဖြစ်ပွားရာ ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။ ထိခိုက်ဒဏ်ရာ ရရှိသူ ၁၃ ဦးအနက် လေးဦးမှာ စိုးရိမ်ရအခြေအနေတွင် ရှိကြောင်း သိရသည်။

ဆိုးလ်မြို့တော်၏ အနောက်တောင်ဘက်ရှိ မွတ်ဒုံခါအက်ဘီဈေး၌ ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၅၀ ဝန်းကျင်တွင် အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယွန်ဟပ်သတင်းဌာနက ပြောသည်။ လက်ရှိအချိန်အထိ သေဆုံးသူမရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အသက် ၇၀ အရွယ် ယာဉ်မောင်းမှာ ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း၊ လတ်တလောတွင် အဆိုပါယာဉ်မောင်းကို စုံစမ်းစစ်ဆေးမှုပြုလုပ်နေကြောင်း၊ အရက်သေစာသောက်သုံးထားခြင်းမရှိကြောင်း သိရသည်။ အာဏာပိုင်များက ယာဉ်တိုက်ခိုက်မှုဖြစ်ပွားရခြင်း၏အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေပြီး ပျက်စီးဆုံးရှုံးမှုအတိုင်းအတာကို ချင့်တွက်ရန် လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**

# ကမ္ဘာတစ်ဝန်း သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုတွေ များပြားခဲ့တဲ့ ၂၀၂၄

**နွယ်နီလင်း**

၂၀၂၄ ခုနှစ်သည် ယခင်အမြင့်ဆုံး အပူချိန် ၂၀၂၃ ကိုကျော်ကာ စံချိန်တင်အပူချိန်အမြင့်ဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့လာခဲ့သည်ဟု ဥရောပသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့က ဆိုသည်။ ပထမဆုံးအကြိမ် ကမ္ဘာလုံးဆိုင်ရာပျမ်းမျှအပူချိန်မှာ ပါရီသဘောတူညီချက်က သတ်မှတ်ထားသည့် စက်မှုခေတ်မတိုင်မီ ၁၈၅၀-၁၉၀၀ ပြည့်နှစ်များဆီက ၁ ဒသမ ၇ ဖာရင်ဟိုက်ထက် ကျော်လွန်ခဲ့ခြင်းဖြစ်သည်။



တောင်ကိုရီးယားနိုင်ငံ ကားလမ်းပေါ်၌ နှင်းများထူထပ်စွာကျနေသည်ကို တွေ့ရစဉ်။

အပူချိန် မြင့်တက်လာမှုကြောင့် ၂၀၂၄ ခုနှစ်အတွင်း နိုင်ဂျီးရီးယားနိုင်ငံနှင့် ဥရောပတွင် လူသေဆုံးမှုများစေသည့် ရေကြီးမှုများ၊ တောင်အမေရိကတွင် ဆိုးရွားသည့် တောမီးလောင်မှုများ၊ အမေရိကန်ပြည်ထောင်စုတွင် အစောပိုင်း အပူလှိုင်းများနှင့် အင်အားပြင်းဟာရီကိန်း မုန်တိုင်းဟယ်လင်တို့ဖြစ်ပွားမှု အပါအဝင် ကမ္ဘာတစ်ဝန်း ပြင်းထန်သည့်ရာသီဥတု ဖြစ်စဉ်များကို ဖြစ်ပေါ်စေခဲ့သည်။

**မုန်တိုင်းဝင်ရောက်မှုများ**

အမေရိကန်နိုင်ငံတွင် စက်တင်ဘာလ အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဟာရီကိန်းမုန်တိုင်း ဟယ်လင်ကြောင့် လူပေါင်း ၁၃၇ ဦး သေဆုံးခဲ့သည်ဟု သိရသည်။ ဟာရီကိန်းမုန်တိုင်း ဟယ်လင်သည် ဖလော်ရီဒါပြည်နယ် ဘစ်ဘန်းဒေသသို့ စက်တင်ဘာ ၂၆ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၄၀ နှုန်းရှိကြောင်း သိရသည်။

ထို့ပြင် ဖေဖော်ဝါရီလအတွင်း ကမ္ဘာ့မြောက်ဘက်ခြမ်းတွင် အပူဆုံးဆောင်းရာသီစံချိန်တင်ပြီး သမုဒ္ဒရာအပူချိန်သည် မကြုံစဖူးအပူချိန်အထိ မြင့်တက်ခဲ့သည်။ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် ပျမ်းမျှအပူချိန်သည် ၂၁ ဒသမ ၀၉ ဆဲလ်စီးယပ်သို့ ရောက်ရှိလာသဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း သတ်မှတ်ထားသည့်ယခင်စံချိန် ၂၀ ဒသမ ၉၈ ဆဲလ်စီးယပ်ထက် များလာခဲ့သည်။ ယင်းသို့ အပူချိန်မြင့်မားလာခြင်းမှာ ပစိဖိတ်အရှေ့ပိုင်း၌ ပုံမှန်မဟုတ်ဘဲ ပူနွေးသော ရေများကိုဖြစ်စေသည့် အယ်လ်နီညိုရာသီဥတုကြောင့် တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။

"ပိုပြီး အံ့ဩစရာကောင်းတာက ပင်လယ်ရေမျက်နှာပြင် အပူချိန်ဟာ အပူပိုင်းအတ္တလန္တိတ်နဲ့ အိန္ဒိယသမုဒ္ဒရာကဲ့သို့သော အယ်လ်နီညိုဇုဟိုကနေ ဝေးကွာသည့်ဒေသတွေမှာ စံချိန်တင်အဆင့်ရှိနေတာကြောင့်ဖြစ်တယ်" ဟု ရာသီဥတုပညာရှင် ရစ်ချစ်ဒ် အယ်လန်က ဆိုသည်။

**မိုးသည်းထန်စွာရွာသွန်း**

ပင်လယ်ရေအပူချိန် တိုးလာသည့်နှင့်အမျှ အငွေ့ပျံခြင်းက ပိုမိုမြန်ဆန်လာပြီး သမုဒ္ဒရာများအတွင်းမှ အပူများကို လေထဲသို့ ပိုမိုပြောင်းရွှေ့ပေးသည်။ ယင်းနောက် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မုန်တိုင်းများတိုက်ခတ်သည့်အခါ ဆိုးရွားသည့် ရေကြီးမှုများ ပိုမိုဖြစ်ပေါ်စေသည်။

ဘယ်ရယ်(Beryl) သည် ဇွန် ၂၈ ရက်က အတ္တလန္တိတ်သမုဒ္ဒရာအတွင်းသို့ ဝင်ရောက်ခဲ့ပြီး အားကောင်းသည့် ဟာရီကိန်းမုန်တိုင်းအဖြစ်သို့ လျင်မြန်စွာ အရှိန်မြင့်လာခဲ့သည်။ ဇွန် ၂၉ ရက်မှ ၃၀ ရက် နံနက်ပိုင်းအတွင်း လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၆၅ မိုင်နှုန်း တိုက်ခတ်ပြီး အလွန်အန္တရာယ်များသည့် အဆင့် ၄ သို့ ရောက်ရှိခဲ့သည်။

ထို့ပြင် အီသီယိုးပီးယားနိုင်ငံ၌ ဇူလိုင် ၂၁ ရက် ညပိုင်းက မိုးသည်းထန်စွာ အဆက်အပြတ်ရွာသွန်းမှုဖြစ်ပွားသဖြင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားသော ကြောင့် လူပေါင်း ၂၅၇ ဦးကျော် သေဆုံးခဲ့ရသည်။

❖ **ဖေဖော်ဝါရီလအတွင်း ကမ္ဘာ့မြောက်ဘက်ခြမ်းတွင် အပူဆုံးဆောင်းရာသီစံချိန်တင်ပြီး သမုဒ္ဒရာအပူချိန်သည် မကြုံစဖူးအပူချိန်အထိ မြင့်တက်ခဲ့သည်။ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်ပျမ်းမျှအပူချိန်သည် ၂၁ ဒသမ ၀၉ ဆဲလ်စီးယပ်သို့ ရောက်ရှိလာသဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း သတ်မှတ်ထားသည့် ယခင်စံချိန် ၂၀ ဒသမ ၉၈ ဆဲလ်စီးယပ်ထက် များလာခဲ့**

ထို့နောက် ဖိလစ်ပိုင်နိုင်ငံ၌လည်း အောက်တိုဘာလအတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် မုန်တိုင်းထရာမီကြောင့် လူပေါင်း ၁၃၀ ကျော်သေဆုံးပြီး ပျောက်ဆုံးသူ ၄၂ ဦးခန့်ရှိကြောင်း ဖိလစ်ပိုင် အမျိုးသား သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ဆိုသည်။ ထရာမီကြောင့် နိုင်ငံအတွင်း လူပေါင်း ၅ ဒသမ ၉ သန်းကျော် ထိခိုက်ခံစားခဲ့ရသည်။

ထရာမီဝင်ရောက်တိုက်ခတ်သဖြင့် လူဇုန်ကျွန်း၊ နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။ ထရာမီကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ပီဆို ၉၉၄ ဒသမ ၆ သန်းရှိပြီး စိုက်ပျိုးရေးဆိုင်ရာ ပျက်စီးမှုမှာ ပီဆို ၁ ဒသမ ၄၃၂ ဘီလီယံရှိသည်ဟု သိရသည်။

အလားတူ တိုင်ဖွန်းမုန်တိုင်းရာဂီသည်လည်း ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်မှုကြောင့် သေဆုံးသူ ၂၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၂၂ ဦးနှင့် ပျောက်ဆုံးသူ ၂၆ ဦးရှိခဲ့သည်။ တိုင်ဖွန်းမုန်တိုင်းရာဂီသည် ဖိလစ်ပိုင်နိုင်ငံအပြင် ဗီယက်နမ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့သို့လည်း ဝင်ရောက်တိုက်ခတ်သဖြင့် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားသဖြင့် လူ ၃၈၀ ကျော်သေဆုံးခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၌ တစ်နှစ်လျှင် တိုင်ဖွန်းမုန်တိုင်း အကြိမ် ၂၀ ခန့် ဝင်ရောက်တိုက်ခတ်လေ့ရှိသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်းဖြစ်ပွားသည့် သဘာဝဘေးအန္တရာယ်ကြောင့် လူပေါင်း ၅၁၄ ဦး သေဆုံးပြီး ၂၂၀၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ငုယင်ဟောင်ဟစ်က ဆိုသည်။ သဘာဝဘေးကြောင့် သေဆုံးသူများအနက် လူပေါင်း ၃၄၅ ဦးမှာ တိုင်ဖွန်းမုန်တိုင်းရာဂီကြောင့်ဖြစ်သည်။



ဖိလစ်ပိုင်နိုင်ငံ ဆန်တာအေနာမြို့တွင် ရေကြီးနစ်မြုပ်မှုဖြစ်ပွားနေသည်ကို နိုဝင်ဘာ ၈ ရက်က တွေ့ရစဉ်။

ရာဂီသည် နှစ်ပေါင်း ၃၀ အတွင်း တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်ခဲ့သည့် အပြင်းထန်ဆုံးမုန်တိုင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၌ သဘာဝဘေးအန္တရာယ်ကြောင့် စီးပွားရေးဆိုင်ရာပျက်စီးဆုံးရှုံးမှုပမာဏမှာ အမေရိကန် ဒေါ်လာ ၃ ဒသမ ၄ သန်းရှိသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း အလွန်ဆိုးရွားသည့် သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ခဲ့ရသည်ဟု ဒုတိယဝန်ကြီးက ဆိုသည်။

ထို့ပြင် အောက်တိုလာလကုန်က စပိန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့သည်။ စပိန်နိုင်ငံ ဗလင်စီယာအရှေ့ပိုင်းဒေသနှင့်အခြားဒေသများ၌ အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်က စံချိန်တင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သည်။ ရေကြီးမှုကြောင့် လမ်းများနှင့် ရထားလမ်းအချို့ပျက်စီးမှုကြောင့် ပြေးဆွဲမှုများ ရပ်နားထားရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုဝင်ဘာလအတွင်းက စံချိန်တင် နှင်းထူထပ်စွာ ကျရောက်မှုဖြစ်ပွားခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့နှင့် အနီးဝန်းကျင်ဒေသများ၌ နိုဝင်ဘာ ၂၈ ရက်က နှင်းကျမှုမှာ ၆ ဒသမ ၅ လက်မရှိသဖြင့် ၁၉၇၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က သတ်မှတ်ထားသည့်စံချိန် ၄ ဒသမ ၈ လက်မထက် ကျော်လွန်ခဲ့သည်ဟု ကိုရီးယားမိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

**အဆိုးရွားဆုံးရေကြီးမှုများ**

ဩစတြေးလျနိုင်ငံသည် ၂၀၂၄ ခုနှစ် ဩဂုတ် ၂၆ ရက်ကို ဆောင်းရာသီ အပူဆုံးနေ့အဖြစ် မှတ်တမ်းတင်ခဲ့သည်။ ၂၀၂၄ ခုနှစ်အတွင်း အနောက်အာဖရိကနိုင်ငံများဖြစ်သည့် နိုင်ဂျီးရီးယား၊ နိုင်ဂျာ၊ ချဒ်နှင့် မာလီနိုင်ငံတို့သည် မိုးသည်းထန်စွာရွာသွန်းကြောင့် ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံး ရေကြီးမှုများနှင့် ကြုံတွေ့ခဲ့ရသည်။

၂၀၂၄ ခုနှစ်အတွင်း နိုင်ဂျီးရီးယားနိုင်ငံတစ်ဝန်း ပြည်နယ် ၃၄ ခုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၃၂၀ သေဆုံးကာ လူပေါင်း ၁ ဒသမ ၃ သန်း ထိခိုက်ခံစားခဲ့ရသည်။ နိုင်ငံမြောက်ပိုင်း ဘော်နိုပြည်နယ်၏ မြို့တော် မိုင်ဒိုဂူရီ၌ နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံး ရေကြီးမှုနှင့် ကြုံတွေ့ခဲ့ရသည်။

တောင်အမေရိကတိုက်အလယ်ပိုင်းရှိ ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့် ဘိုလီးဗီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း တောမီးလောင်မှုကြောင့် ဟက်တာ ၁၀ သန်းကျော် (ဧက ၂၄ ဒသမ ၇ သန်း) ကို ဆိုးရွားစွာပျက်စီးစေခဲ့သည်။ ၂၀၂၄ ခုနှစ်သည် ဘိုလီးဗီးယားသမိုင်းတွင် အဆိုးရွားဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ဖြစ်လာခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ALJAZEERA**

# PDF အမည်ခံအကြမ်းဖက်သမားများက ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအား မီးရှို့ဖျက်ဆီး၊ ကန့်ဘလူမြို့နယ် ဆားကုန်းကျေးရွာအတွင်း Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအား PDF အမည်ခံအကြမ်းဖက်သမားများက ဒီဇင်ဘာ ၂၉ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးရှို့ဖျက်ဆီးခဲ့ရာ အလျား ၁၀၈ ပေ၊ အနံ ၃၃ ပေ၊ အမြင့် ၂၂ ပေရှိ ကွန်ကရစ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ အုပ်ညှပ် ၂ ထပ်၊ စာသင်ဆောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။



PDF အမည်ခံအကြမ်းဖက်သမားများက ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဆားကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် Drone အသုံးပြုပြီး Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အဆိုပါကျေးရွာနေ အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦး ဗုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကာ အမျိုးသား ငါးဦးနှင့် အမျိုးသမီး ရှစ်ဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ကန့်ဘလူမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိသည်။

NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့်အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများအား အကြောက်တရားလွှမ်းမိုးစေရန် အဝေးမှနေ၍ လက်နက်ကြီးများ၊ Drone များ အသုံးပြု၍ နှောင့်ယှက်ပစ်ခတ်ခြင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ဥပဒေမဲ့လုပ်ဆောင်လျက်ရှိသည်။

လုံခြုံရေးအဖွဲ့များအနေဖြင့် အထက်ပါဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PDF အမည်ခံအကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ် ဆားကုန်းကျေးရွာအား Drop Bomb ချတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။




# မန္တလေးမြို့အတွင်းရှိ "နဂါးနန်းတော်" စိန်ရွှေရတနာဆိုင်နှင့် "ဆင်ဖြူတော်" ငွေလွှဲလုပ်ငန်းတို့အား သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်သူ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် နှစ်ဦးပါ တရားခံအမျိုးသား ငါးဦးအား သက်သေခံရွှေထည်ပစ္စည်းနှင့်ငွေများ၊ လုယက်မှုကျူးလွန်ရာတွင်အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကဋ္ဌနမဟီရပ်ကွက် ၇၇ လမ်း ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ "နဂါးနန်းတော်" စိန်ရွှေရတနာဆိုင်၌ ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ဆိုင်ပိုင်ရှင်ဖြစ်သူ ဒေါ်ဥမ္မာအေး(၅၂)နှစ်ပါ ဆိုင်ဝန်ထမ်း ခြောက်ဦးတို့ ရှိနေစဉ် အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဆိုင်ဝန်ထမ်းများအား သေနတ်ပြခြိမ်းခြောက်ကာ ဆိုင်ရှိ ရွှေထည်ပစ္စည်းမျိုးစုံ(ရွှေအလေးချိန် ၁ ပိဿာ ၉၁ ကျပ်သားခန့် စုစုပေါင်းတန်ဖိုးငွေ ၁၀၅၀၅ သိန်းကျပ်ခန့်) နှင့် ငွေစက္ကူရောရော ကျပ်သိန်း ၃၀ ခန့်တို့အား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။




မန္တလေးမြို့အတွင်းရှိ "နဂါးနန်းတော်" စိန်ရွှေရတနာဆိုင်နှင့် "ဆင်ဖြူတော်" ငွေလွှဲလုပ်ငန်းတို့အား သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်သူ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် နှစ်ဦးပါ တရားခံ အမျိုးသား ငါးဦးအား သက်သေခံရွှေထည်ပစ္စည်းနှင့် ငွေများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့်လက်နက်၊ ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် လုယက်မှုကျူးလွန်သူ တရားခံများဖြစ်ကြသည့် ဖောင်းပြင်မြို့နယ် ပေါက်ကုန်းကျေးရွာနေ မိုးအောင်(ခ)အောင်မိုး(၂၉)နှစ်နှင့် ဒီပဲယင်းမြို့နယ် ထောင်တန်းကျေးရွာနေ ကျော်စိုးလွင်(ခ)ကျော်ကြီး (ခ) ပြာတာ(၂၉)နှစ်တို့ နှစ်ဦးအား အောင်မြေသာစံမြို့နယ် ၂၅ လမ်းနှင့် ၅၃ လမ်းကြားရှိ Nature တည်းခိုခန်းအခန်းအမှတ်(၂၀၉)၌ လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် M-5 အမျိုးအစားသေနတ်တစ်လက်၊ ကျည်အိမ် တစ်ခု၊ M-4 A1 Carbine အမျိုးအစား သေနတ်တစ်လက်၊ ကျည်အိမ် သုံးခု၊ ကျည်မျိုးစုံ ၈၃ တောင့်၊ Click ဆိုင်ကယ် တစ်စီး၊ လုယက်မှုကျူးလွန်ရာမှရရှိသည့် ရွှေထည်ပစ္စည်းမျိုးစုံ ၁ ပိဿာ ၄၀ ကျပ်သားခန့်၊ ငွေစက္ကူရောရော ၂၁၅ သိန်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ မိုးအောင်(ခ)အောင်မိုးနှင့် ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာတို့၏ ထွက်ဆိုချက်အရ လုယက်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာနေ အောင်ပြည့်စုံလွင်(၃၅)နှစ်နှင့် မိုင်ကုန်းရွာနေ သန်းထိုက်ထွန်း(ခ)ငနဲ(၃၃) နှစ်တို့အား ၎င်းတို့၏နေအိမ်အသီးသီး၌ လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် CANDA Wave 110 ဆိုင်ကယ်တစ်စီး၊ မီနီအိုးဝေတစ်စီးတို့နှင့်လည်းကောင်း၊ လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား အရည်ကျိုပုံဖျက်ပေးသူ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်နေ ထွန်းမင်းလတ်(ခ)ထွန်းမင်း(၅၀)နှစ် (ဘ)ဦးသင်အား ၎င်း၏နေအိမ်၌ ရွှေထည်ပစ္စည်းများ အရည်ကျိုရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်လည်းကောင်း ယင်းနေ့ မွန်းလွဲပိုင်းတွင် အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ဖမ်းဆီးရမိတရားခံ မိုးအောင်(ခ)အောင်မိုး၊ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ) ပြာတာ၊ အောင်ပြည့်စုံလွင်နှင့် သန်းထိုက်ထွန်း(ခ)ငနဲတို့အား အခြားလုယက်မှု၊ ဓားပြမှုများနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းတို့ လေးဦးသည် ဒီဇင်ဘာ ၂၄ ရက် ညနေ ၄ နာရီတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်ရှိ ဆင်ဖြူတော်ငွေလွှဲလုပ်ငန်းအား သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၃၀၀ နှင့် MDY-16/4Q 1196 Ertiga အမျိုးအစား မော်တော်ယာဉ်တစ်စီးတို့အား လုယက်ခဲ့ကြောင်း၊ လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် မော်တော်ယာဉ်အား အမည်မသိအမျိုးသားတစ်ဦးထံ ငွေကျပ်သိန်း ၁၅၀ ဖြင့် ရောင်းချခဲ့ကြောင်း ထပ်မံဖော်ထုတ်သိရှိရသည်။

စစ်ဆေးချက်များအရ ဖမ်းဆီးရမိတရားခံ မိုးအောင်(ခ) အောင်မိုးသည် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ဆပ်ပြာကျင်းကျေးရွာ PDF အကြမ်းဖက်အဖွဲ့မှ ဒုခေါင်းဆောင်ဖြစ်ပြီး ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာသည် ဒီပဲယင်းမြို့နယ် ဆပ်ပြာကျင်းကျေးရွာအုပ်စု ထောင်တန်းကျေးရွာ PDF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း၊ လုယက်မှုများကျူးလွန်စဉ်က အသုံးပြုခဲ့သော သေနတ်များအား PDF အကြမ်းဖက်အဖွဲ့ဝင် ကိုစိုးကြီး(စိစစ်ဆဲ)ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့ နှစ်ဦးသည် မန္တလေးမြို့ပေါ်ရှိ ရွှေဆိုင်များအား ဓားပြမှု၊ လုယက်မှုများကျူးလွန်၍ ရရှိငွေများဖြင့် လက်နက်၊ ခဲယမ်းများထပ်မံဝယ်ယူရန် မန္တလေးမြို့ပေါ်သို့တက်ရောက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုသို့ လုယက်မှုများကျူးလွန်ရာတွင် ခင်မင်ရင်းနှီးသူများဖြစ်ကြသည့် ပုသိမ်ကြီးမြို့နယ်နေ အောင်ပြည့်စုံလွင်နှင့် သန်းထိုက်ထွန်း(ခ)ငနဲတို့နှင့်ပူးပေါင်းကာ ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း။

ဒီဇင်ဘာ ၂၄ ရက် ညနေ ၄ နာရီတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်ရှိ ဆင်ဖြူတော်ငွေလွှဲလုပ်ငန်းအား ဝင်ရောက်လုယက်ရာတွင် မိုးအောင်(ခ)အောင်မိုးက MA 5 သေနတ်အားကိုင်ဆောင်၍လည်းကောင်း၊ ကျော်စိုးလွင် (ခ)ကျော်ကြီး(ခ)ပြာတာက M4 A14 သေနတ်အားကိုင်ဆောင်၍လည်းကောင်း ဆိုင်အတွင်း ဝင်ရောက်လုယက်ခဲ့ကြခြင်းဖြစ်ပြီး အောင်ပြည့်စုံလွင်နှင့် သန်းထိုက်ထွန်း(ခ)ငနဲတို့နှစ်ဦးက ဆိုင်အပြင်မှနေ၍ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြခြင်းဖြစ်ကြောင်း။

ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် "နဂါးနန်းတော်" စိန်ရွှေရတနာဆိုင်အား လုယက်မှုကျူးလွန်ရာ၌ မိုးအောင်(ခ)အောင်မိုးက MA-5 သေနတ်ဖြင့်လည်းကောင်း၊ ကျော်စိုးလွင် (ခ)ကျော်ကြီး (ခ)

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ပြာတာက MA-4A1 သေနတ်ဖြင့် လည်းကောင်း အသီးသီးကိုင်ဆောင်ကာ ဆိုင်အတွင်းဝင်ရောက်၍ ဆိုင်ရှိဝန်ထမ်းများအား သေနတ်ပြခြိမ်းခြောက်ကာ ဝင်ရောက်လုယက်ခဲ့ခြင်းဖြစ်ပြီး အောင်ပြည့်စုံလွင်က ဆိုင်အပြင်မှနေ၍ အခြေအနေစောင့်ကြည့်ပေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် "နဂါးနန်းတော်" စိန်ရွှေရတနာဆိုင်နှင့် ဆင်ဖြူတော် ငွေလွှဲလုပ်ငန်းတို့အား သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုများ ကျူးလွန်ခဲ့သူ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များ ဖြစ်ကြသည့် မိုးအောင်(ခ)အောင်မိုး၊ ကျော်စိုးလွင်(ခ) ကျော်ကြီး (ခ) ပြာတာတို့ နှစ်ဦးနှင့် ပူးပေါင်းကျူးလွန်သူ အောင်ပြည့်စုံလွင်၊ သန်းထိုက်ထွန်း(ခ) ငနဲ၊ ထွန်းမင်းလတ် (ခ) ထွန်းမင်းတို့ ငါးဦးအား သက်သေခံရွှေထည်ပစ္စည်းနှင့်ငွေများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့်လက်နက်၊ ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

## သံဖြူဇရပ် နှစ်-၁၅၀ ပြည့်အထိမ်းအမှတ် ကာယအလှမောင်၊ ကာယအလှမယ်၊ အေရိုးဗစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**သံဖြူဇရပ် ဒီဇင်ဘာ ၃၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ သံဖြူဇရပ် နှစ်- ၁၅၀ ပြည့် အထိမ်းအမှတ် ကာယအလှမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ စတင်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ပညာ့ဗိမာန်)ခန်းမ၌ ပြုလုပ်သည်။



ပြိုင်ပွဲတွင် ဆုရအေရိုးဗစ်ပြိုင်ပွဲ ပထမဆုရ အထက(ပင)ကျောင်း၊ ကာယအလှမောင်ပြိုင်ပွဲ ပထမဆုရအထက(ပင)ကျောင်းကိုယ်စားပြု မောင်မျိုးထက်ဦးနှင့် ကာယအလှမယ်ပြိုင်ပွဲ ပထမဆုရ ပညာခိုင်ခန့် ကိုယ်ပိုင်အထက်တန်းကျောင်းကိုယ်စားပြု မအိမ့်သဒ္ဒါခွန်ချိုနှင့် နှစ်-၁၅၀ ပြည့်ပွဲတော်အထိမ်းအမှတ်ပြိုင်ပွဲအသီးသီးမှ ဆုရရှိခဲ့ကြသူများအား သံဖြူဇရပ်တပ်နယ်မှူး ဗိုလ်မှူးချုပ် ထွန်းနိုင်ဦး၊ သံဖြူဇရပ်နှစ်-၁၅၀ ပြည့်အထိမ်းအမှတ် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးလွင်နှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းနှင့် နှစ် -၁၅၀ပြည့်ပွဲတော်ကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၂၃ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၁ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၉၂၇၁၇၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အရာတော်မြို့ မြို့လယ်ကျောက်တိုင်လမ်းဆုံအနီး၌ လိုင်စင်မဲ့ Toyota Mark II မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် ပြည်လမ်းအနီး၌ လိုင်စင်မဲ့ Toyota Ipsum မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ လှည်းကူးမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် (၈/၀)၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၅၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၉၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Hyundai Starex Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၄၁၉၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး ၄ ဒသမ ၁၆၀ တန်၊ ကျွန်းသစ် ၆ ဒသမ ၆၄၀ တန်၊ သစ်မာ ၁ ဒသမ ၂၁၇ တန်၊ အခြားသစ် ၂ ဒသမ ၉၀၃ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၉၄၆၁၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၄၉၆၃၆၉၀) ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် လုပ်ငန်းသုံးပစ္စည်းများ တရားမဝင်တင်သွင်းလာသည်ကို တွေ့ရှိရပြီး ထိုကဲ့သို့ တရားမဝင်ပစ္စည်းများတင်သွင်းလာမှုကြောင့် တရားဝင်တင်သွင်းသည့် လုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာမှုဖြစ်စေခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းစေခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## အမျိုးသမီးငယ်များအား ပြည့်တန်ဆာအလုပ် အဓမ္မခိုင်းစေ၍ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

အမျိုးသမီးငယ်များအား ပြည့်တန်ဆာအလုပ် အဓမ္မခိုင်းစေ၍ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်အသီးသီး ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေ ဒေါ်စန်းစန်းမြင့်(ခ) ဒေါ်ဖြိုးဖြိုးနှင့် ချမ်းမြသာစည်မြို့နယ်နေ ဒေါ်ဝေတို့က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ မ-----၊ ၁၄နှစ်ကို ဘီယာဆိုင်တွင် အလုပ်ရမည်ဟု ပြောဆိုစည်းရုံးခေါ်ဆောင်ပြီး အအေးနှင့် ဘီယာအရက်များ ရောင်းချသည့်ဆိုင်သို့ ပို့ဆောင်၍ ကာမဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် ခိုင်းစေခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း (ပ) ၂၉၁/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ- ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ အောင်မြေသာစံခရိုင်တရားရုံးမှ ဒီဇင်ဘာ ၂၇ ရက်တွင် ဒေါ်စန်းစန်းမြင့် (ခ) ဒေါ်ဖြိုးဖြိုးနှင့် ဒေါ်ဝေတို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေ ဒေါ်စန်းစန်းမြင့်(ခ) ဒေါ်ဖြိုးဖြိုးနှင့် ချမ်းအေးသာစံမြို့နယ်နေ မပြည့်ပြည့်ခိုင် (ခ) ဂျက်မတို့က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်နေ မ.....၊ ၁၇နှစ်ကို အအေးနှင့် ဘီယာဆိုင်တွင် အလုပ်ရမည်ဟု ပြောဆိုစည်းရုံးခေါ်ဆောင်ပြီး ဘီယာဆိုင်တွင်လာရောက်သည့်အမျိုးသားများနှင့်ပြည့်တန်ဆာအလုပ် အဓမ္မခိုင်းစေ၍ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း (ပ) ၂၉၂/၂၀၂၄၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ-၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ အောင်မြေသာစံခရိုင်တရားရုံးမှ ဒီဇင်ဘာ ၂၇ ရက်တွင် ဒေါ်စန်းစန်းမြင့် (ခ) ဒေါ်ဖြိုးဖြိုးနှင့် မပြည့်ပြည့်ခိုင် (ခ) ဂျက်မတို့နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေ ဒေါ်စန်းစန်းမြင့် (ခ) ဒေါ်ဖြိုးဖြိုးက လိပ်စာတူနေ မ.....၊ ၁၇ နှစ်ကို အအေးနှင့် ဘီယာဆိုင်တွင် အလုပ်ရမည်ဟု ပြောဆိုစည်းရုံးခေါ်ဆောင်ပြီး ဘီယာဆိုင်တွင် လာရောက်သည့် အမျိုးသားများနှင့် ပြည့်တန်ဆာအလုပ်အဓမ္မခိုင်းစေ၍ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း(ပ) ၂၉၃/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ- ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ အောင်မြေသာစံခရိုင်တရားရုံးမှ ဒီဇင်ဘာ ၂၇ ရက်တွင် ဒေါ်စန်းစန်းမြင့် (ခ) ဒေါ်ဖြိုးဖြိုးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နေ ဒေါ်နွယ်နွယ်အေး (ခ) ဒေါ်နွယ်က မှော်ဘီမြို့နယ်နေ မ-----၊ ၂၅ နှစ်၊ မ-----၊ ၂၀ နှစ်နှင့် မ-----၊ ၁၉ နှစ်တို့ သုံးဦးကို ဟော့ပေါ့ဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ၆/၇ သိန်းကျပ် ရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး ပြည့်တန်ဆာလုပ်ငန်းတွင် အဓမ္မခိုင်းစေကာ ငွေကြေးခေါင်းပုံဖြတ်ရယူခဲ့ကြသဖြင့် မှော်ဘီမြို့မရဲစခန်း (ပ) ၁၈/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ မှော်ဘီခရိုင်တရားရုံးမှ ဒီဇင်ဘာ ၂၇ ရက်တွင် လူကုန်ကူးခံရသူသုံးဦးအပေါ် ကျူးလွန်ခဲ့ကြသည့် ဒေါ်နွယ်နွယ်အေး (ခ) ဒေါ်နွယ်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီအား သီးခြားစီဖြင့် နှစ် ၃၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နေ ဒေါ်မြင့်မြင့်စန်း၊ ဦးညိုဝင်း (ခ) ညွန့်ဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်နေ ဦးဆန်းထူး (ခ) လက်ကပ်တို့ သုံးဦးက ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်နေ မ-----၊ ၂၆နှစ်၊ ပုသိမ်မြို့နေ မ-----၊ ၂၀နှစ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်နေ မ-----၊ ၃၀ နှစ်၊ မ-----၊ ၂၃ နှစ်နှင့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နေ မ-----၊ ၃၂ နှစ်တို့ ငါးဦးကို စားသောက်ဆိုင်နှင့် KTV တို့တွင် အလုပ်လုပ်ကိုင်ရမည်ဟု ပြောဆိုစည်းရုံးကာ ထန်းရည်ဆိုင်သို့ ပို့ဆောင်၍ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ရရှိသည့်ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူခဲ့ကြသဖြင့် မြိတ်မြို့မရဲစခန်း (ပ)၁၀၆/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅၊ မြိတ်မြို့မရဲစခန်း (ပ) ၁၀၇/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ တို့ဖြင့် အသီးသီး အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ မြိတ်ခရိုင်တရားရုံးမှ ဒီဇင်ဘာ ၂၇ ရက်တွင် ဒေါ်မြင့်မြင့်စန်း၊ ဦးညိုဝင်း (ခ) ညွန့်ဝင်းနှင့် ဦးဆန်းထူး (ခ) လက်ကပ်တို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ တစ်မှုလျှင် အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်စီဖြင့် စုစုပေါင်း ၂၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒီဇင်ဘာပိတ်ရက်ရှည်တွင် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ကျိုက်ထို ဒီဇင်ဘာ ၃၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဘုရားစေတီများ၌ အများပြည်သူ ပိတ်ရက်ရှည်ကာလဖြစ်သည့် ဒီဇင်ဘာ ၃၁ ရက်တွင် အားလပ်ရက် အပန်းဖြေခရီးသွားလာသူ ဘုရားဖူးကုသိုလ်ယူသူတို့ဖြင့် စည်ကားလျက်ရှိသည်။





ကျိုက်ထို မြို့နယ်အတွင်း ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး အပါအဝင် ကျိုက်ပေါ်လောရုပ်ပွားတော်မြတ်၊ ထိုင်တော်မူရုပ်ပွားတော်မြတ်ကြီး စသည့် ထင်ရှားကျော်ကြားသည့် ဘုရားစေတီများတွင် ဒီဇင်ဘာပိတ်ရက်ရှည်ကာလ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြကာ ရွှေသင်္ကန်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ကြခြင်း၊ တရားဘာဝနာများ ပွားများခြင်းတို့ဖြင့် ကုသိုလ်ပြုခြင်း၊ စိတ်အေးချမ်းသာစွာ လာရောက် အပန်းဖြေခြင်းတို့ကို မိသားစုအလိုက်၊ အဖွဲ့အလိုက် လာရောက်ဆောင်ရွက်ကြသည်။

အဆိုပါ ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန်အတွက် ဘုရားစေတီများရှိ ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက လိုအပ်သည်တို့ကို ကူညီပေးကာ လုံခြုံအေးချမ်းစေရေး ကြပ်မတ်ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**ကျိုက်ထို (မြန်/ဆက်)**

---

# မြို့နယ်များ၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာယ၊ ဉာဏစွမ်းရည် ပြိုင်ပွဲများကျင်းပ

**ကျောင်းသား ကျောင်းသူများ လွတ်လပ်ရေးနေ့ကို တန်ဖိုးထားမြတ်နိုးပြီး ထိန်းသိမ်းကာကွယ် စောင့်ရှောက်တတ်စေရန် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို မြို့နယ်များအလိုက် ကျင်းပနေမှုကို စုစည်းဖော်ပြအပ်ပါသည် -**

## ဟားခါး

ချင်းပြည်နယ်ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဖိုလ်တိုက်ချွန်းခန်းမ၌ ဒီဇင်ဘာ ၃၁ ရက်က (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ပန်းချီ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ကျင်းပသည်။

ပန်းချီပြိုင်ပွဲတွင် လွတ်လပ်ရေးအားမာန်ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ၁၂ ဦး၊ အလယ်တန်းအဆင့် ခုနစ်ဦး၊ မူလတန်းအဆင့် ၂၅ ဦး စုစုပေါင်း ၄၄ ဦး၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် လွတ်လပ်ရေးအမွေခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၀၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် လွတ်လပ်ရေးနေ့နှင့်လူငယ့်တာဝန် ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် ၂၂ ဦး၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် လွတ်လပ်ရေးအောင်ပွဲနေ့ ခေါင်းစဉ်ဖြင့် မူလတန်းအဆင့် ၂၄ ဦး၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် လွတ်လပ်ရေးအောင်ပန်းခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ၁၉ ဦး၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် လွတ်လပ်ရေး၏တန်ဖိုးခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲများတွင် ဆုရရှိသူများကို ချင်းပြည်နယ်အစိုးရအဖွဲ့က ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (မြန်/ဆက်)**



## မိုင်းဖြတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကျပန်းစကားပြောပြိုင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက်က အခြေခံပညာအထက်တန်းကျောင်း (မိုင်းဖြတ်)၌ ကျင်းပရာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်အလိုက် စာစီစာကုံး ၁၃ ဦး၊ ကဗျာ ၁၄ ဦး၊ ကျပန်းစကားပြော ၁၀ ဦး၊ ပန်းချီ ၁၇ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၄ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ရောက်ရှိမည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ **မြို့နယ်(မြန်/ဆက်)**



## ပခုက္ကူ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်အလိုက် စာစီစာကုံးပြိုင်ပွဲတွင် ၈၁ ဦး၊ ကဗျာပြိုင်ပွဲတွင် ၄၈ ဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ၁၅ ဦး၊ ပန်းချီပြိုင်ပွဲတွင် ၅၅ ဦး စသည်ဖြင့် ဉာဏစွမ်းရည်ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၉၉ ဦးရှိသည်။

အလားတူ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ အပြေးနှင့် အခြားကာယစွမ်းရည်ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူ ၅၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း၊ ပြိုင်ပွဲအမျိုးအစားများအလိုက် ဆုရရှိသူများကို ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

**ဘာမီသာ(ပခုက္ကူ)**

## မင်းဘူး

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက်မှ စတင်ကာ ကျင်းပလျက်ရှိရာ အားကစားပြိုင်ပွဲများအဖြစ် ဘော်လီဘောပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မီတာ ၁၀၀၊ မီတာ ၂၀၀၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက်ပြိုင်ပွဲများ အပါအဝင် အားကစားပြိုင်ပွဲ ၁၂ မျိုး ထည့်သွင်းကျင်းပလျက်ရှိကြောင်း မြို့နယ်အားကစားမှူး ဒေါ်နှင်းက ပြောသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆုရရှိသည့်အသင်းများနှင့် အားကစားသမားများအား လွတ်လပ်ရေးနေ့အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်ပေးမည်ဖြစ်သည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

## မိတ္ထီလာ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပရာ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာမြင့်မားအောင် အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် လက်ဆင့်ကမ်းအမွေ ထိန်းသိမ်းစေခေါင်းစဉ်ဖြင့် ကျင်းပရာ ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါး၊ ကဗျာစပ်၊ ကျပန်းစကားပြော၊ စာစီစာကုံး၊ စာဖတ်စွမ်းရည်နှင့် ကဗျာရွတ်ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## နတ်မောက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပရာ အထက(၁)၊ အထက(၂)၊ အထက(အောင်ဆန်း)၊ အလက (တမာပင်)တို့မှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက ရှေ့သို့ချီမည် ပန်းတိုင်ဆီခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သည်။

ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ပြိုင်ပွဲတွင် ဆုရရှိသူများအား (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးမည်ဖြစ်သည်။

**လှဝင်း**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုး



**မန္တလေး ဒီဇင်ဘာ ၃၁**

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမန်မိုဟန်ဆင်းသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ကွယ်လွန်ခဲ့ခြင်းအတွက် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးမြို့အခြေစိုက် အိန္ဒိယ ကောင်စစ်ဝန်ချုပ်ရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ် စာအုပ်တွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့နံနက်ပိုင်းက သွားရောက်လက်မှတ်ရေးထိုးခဲ့သည်။

မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးသို့ ရောက်ရှိပြီး အိန္ဒိယကောင်စစ်ဝန်ချုပ် H.E.Mr.Sundeep Kaushal နှင့် တာဝန်ရှိသူများအား ရင်းနှီးစွာ တွေ့ဆုံ၍ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ မန်မိုဟန်ဆင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ် စာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ **(အပေါ်ပုံ)**

ဒေါက်တာ မန်မိုဟန်ဆင်းသည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကောင်းကန်ရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကောင်းကန်ရွာ၌ လမ်းအရှည်ပေ ၁၆၈၀၊ အကျယ် ၁၆ ပေရှိ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြုလုပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကွန်ကရစ် လမ်းသစ်ခင်းခြင်းနှင့် စပ်လျဉ်း၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြကာ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကောင်းကန်ရွာကွန်ကရစ် လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)**

**သတင်းစဉ်**


သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကျောက်ရေတွင်းကျေးရွာရှိ ဆုတောင်းပြည့် တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးနှင့် ပရဟိတ ကျောင်း၌ ဒီဇင်ဘာ ၂၈ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်မြို့နယ်ဦးစီးမှူး ဦးကိုကိုလွင်နှင့် ဝန်ထမ်းများက ပန်းခင်းအဆင့် (၃) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

သန်းဝင်း(သန်လျင်)



## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အခန်းတွင်း ဝင်ရောက်သည်နှင့် အအေးဓာတ်ရှိနေစေရန် လေအေးပေးစက်များကို နာရီပေါင်းများစွာ ဖွင့်ထားခြင်းက မီတာခများစွာ ကျစေပါမည်။
- လိုအပ်ချိန်မှ ဖွင့်သင့်ပါသည်။




# ဆိပ်ဖြူမြို့နယ် မြစ်ခြေနှင့် ကမ္ဘနယ်စပ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့သဖြင့် ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြစ်ခြေနှင့် ကမ္ဘနယ်စပ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့သဖြင့် ပြည်သူများ ထွက်ပြေး တိမ်းရှောင်နေရသည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဆိပ်ဖြူမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့် လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာများကို မီးရှို့ဖျက်ဆီးမှုမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ကျေးရွာများအတွင်း တရားမဝင် ခိုအောင်းနေထိုင်လျက်ရှိပြီး ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ရပ်ကွက်/ကျေးရွာများကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက် လုပ်ရပ်များအား ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန် သတင်းများအား လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# လွိုင်လင်မြို့နယ် ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းဖြင့် မြေသားလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**လွိုင်လင် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဆန်ဝိုက်ကျေးရွာနှင့် ခုပ့်လမ်းကျေးရွာများ၌ မြေသားလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်က ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ဆန်ဝိုက်ကျေးရွာ၌ အရှည်ပေ ၆၃၀၀ ရှိ မြေသားလမ်းချဲ့ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ခုပ့်လမ်းကျေးရွာ၌ အရှည်ပေ ၅၆၀၀ ရှိ မြေသားလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ကျေးရွာတစ်ရွာလျှင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေများကို အသုံးပြု၍ ခရိုင်/မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလ ပထမပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံး၏ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**



## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်နေ ဦးသူရကျော် ၉/မဟမ(နိုင်)၀၀၆၂၃၅၏ သမီး မချမ်းစုဝတီဇော်အား မချမ်းစုဝတီဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ချမ်းစုဝတီဇော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ အထက (၂၂)မှ အလယ်တန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်သန်းသန်းနွယ်၏ဖခင်သည် ဦးကိုကိုကြီး (ခ) ဦးဟင်နရီငြိမ်းသည် အိမ်ထောင်စုလူဦးရေစာရင်း အခြေခံပညာ အထက်တန်းအောင် လက်မှတ်၊ ဝန်ထမ်းကတ်အရ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကိုကိုကြီး(ခ) ဦးဟင်နရီငြိမ်း**
**(၉/မရမ(နိုင်)၀၀၇၀၅၄)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6Q/9510 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုကိုထွန်း ၉/ပဥလ(နိုင်) ၀၁၇၁၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/87062, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Princess Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်1L/2139,TOYOTA BELTA, SALOON(4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခင်ထွေး ၁၃/နခန(နိုင်)၀၃၇၁၃၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃၄

၁။ ဦးမြင့်အောင် **နှင့်** ဒေါ်တင်မြ (၎င်း၏အထွေထွေ
၂။ ဒေါ်နှင်းနှင်းဖြူ ကိုယ် စားလှယ်စာရရှိသူ
ဦးကစ္စနားဗဟာဒူး)

(တရားလိုများ) (တရားပြိုင်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဘဘ-၁၄/၄၄) မြရည်နန္ဒာရပ်ကွက်၊ ၅၂ လမ်း၊ ၁၁၄(စီ)လမ်းထောင့်နေ ဒေါ်တင်မြ (၎င်း၏ အထွေထွေကိုယ်စား လှယ်စာရရှိသူ ဦးကစ္စနားဗဟာဒူး)သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဦးမြင့်အောင်နှင့် ဒေါ်နှင်းနှင်းဖြူက မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ (ထွန်တုံး-ရပ်ကွက်)၊ အကွက်အမှတ်(ဗဗ-၁)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ကေရှိ ဦးချိုအေး အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၄ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။၎င်းပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှမျိုးလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆၂

ဦးဖိုးလမင်း **နှင့်** ဒေါ်ဝေဟင်အောင်

**တရားလို** **တရားပြိုင်**

မြင်းခြံမြို့၊ အကွက်(၁၅)၊ ဦးပိုင်အမှတ်(၃၀၉)၊ ခရိုင်အားကစားကွင်းမြောက်ဘက်နေ ဒေါ်ဝေဟင်အောင်(ဘ)ဦးခင်မောင်ဆွေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် (၁)စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရတနာဖြိုးဝေ)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၃၂)၊ ဦးပိုင်အမှတ် ၇.က(ခဲစင်း)၊ ၃၅လမ်း၊ ၉၁x၉၃လမ်းကြားရှိ ဒေါ်မြရှိန် အမည်ပေါက် ဘိုးဘမြေကွက်အား၊ (ဖခင်) ဦးဘသန်း(မိခင်)ဒေါ်မြရှိန်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၉၇၈/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော သား/သမီးများဖြစ်သည့် ဒေါ်သီတာဝေ၊ ဦးဇော်မျိုးဝေ၊ ဦးဇော်မိုးဝေ တို့၏(GP ရရှိသူ ဦးတင့်ဝေ) တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၃၈၂၀/၂၀၂၃)ဖြင့်ဝယ်ယူခဲ့သူ ဦးတင်လှိုင်(ခ)ဦးတီခုရုံး ၉/မရမ(နိုင်) ၀၈၅၄၄၃၊ ဒေါ်သန်းသန်းဌေး ၉/မရမ(နိုင်) ၀၁၂၄၁၅တို့က အမှုတွဲအမှတ် ၀၆၅၄/ဘ(ခွဲ/ပြောင်း)/၂၀၂၄-၂၀၂၅ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက် (၅၉၀)၊ မြေကွက်အမှတ် (၂-က)၊ မြေချိန် ဧရိယာ (၃.၉၂၅)ကေနှင့် မြေကွက်အမှတ် (၂-ခ)၊ မြေချိန်ဧရိယာ (၁.၆၀၈ )ကေ၊ စုစုပေါင်းမြေချိန်ဧရိယာ(၅.၅၃၃ ) ကေရှိသည့် ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ တိုက်အမှတ် (၁၂)၊ (၇)လွှာ၊ အခန်းအမှတ် (၅)၊ အိပ်ခန်း (၂)ခန်းပါရှိသည့် အကျယ်အဝန်း (၆၀၅) စတုရန်းပေရှိသော (ပြင်ဆင်ပြီး) Apartment တိုက် ခန်းသည် Ownership Certificate No.0167 ဖြင့် ဦးမင်းပိုင်ကျော် (ဘ) ဦးညွန့်မောင် (၅/ငဇန(နိုင်)၀၃၇၂၄၀) မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသော Apartment တိုက်ခန်းဖြစ်ပါသည်။ ယင်း Apartment တိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်လျက်ရှိသူ ဦးမင်းပိုင်ကျော် (ဘ) ဦးညွန့်မောင် (၅/ငဇန(နိုင်)၀၃၇၂၄၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်သန်းဆွေဦး(LL.B)** | **ဒေါ်ဝါဝါအောင်(LL.B)** | **ဒေါ်ဇင်မာစော(LL.B)** |
| **စဉ်- ၁၈၇၅၄** | **စဉ်-၅၂၅၀၈** | **စဉ်-၉၃၀၃** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**၃၃လမ်း၊ ၇၆x၇၇လမ်းကြား၊ ကဥ္စဏမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း-၀၉-၄၀၂၇၃၃၁၁၅၊ ၀၉-၄၃၆၅၀၀၀၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ် ဈ-၄၊ ဦးပိုင်အမှတ် ၂/၁၀၈လမ်း၊ ၆၁x၆၂ကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်းဦးအောင်မြင့်သိန်း ကွယ်လွန်၍ ကျန်ရစ်သူ ဇနီးဖြစ်သူ LAW PWE KYIN(@ NI NI AYE ၉/ခအဇ(ပြ)၀၀၀၉၀၁က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက် အမှတ် (၉)၊ ဦးပိုင်အမှတ် ၃၃-က/၁(ခဲစင်း)၊ ၆၃(B)လမ်း၊ ၁၆x၁၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြဟန်၊ ဒေါ်ခင်ပြုံးကြည်တို့၏ (GP ရရှိသူ ဦးအောင်စိုးမိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၅၁၈၅/၂၀၂၂) ဖြင့် ဒေါ်ခင်မြင့်မူက ဝယ်ယူခဲ့ပြီး ဒေါ်ခင်မြင့်မူ၏ (SP ရရှိသူ ဦးကျော်စွာဟိန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၅၃၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးတင်အေး ၁၂/မဂဒ(နိုင်)၀၀၇၆၈၂က အမှုတွဲအမှတ် ၅၆၈၇/၂၀၂၄-၂၀၂၅ ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ် ( က/၁ / ၁၁၄ )၊ ၅၉လမ်း(စီ)၊ ၁၇x၁၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘစီ၊ ဒေါ်ဝင်းမေတို့(၂)ဦးအနက် ၊ ခင်ပွန်းဖြစ်သူ ဦးဘစီကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၈၆၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်ဝင်းမေ ၉/မရမ (နိုင်) ၀၄၅၆၀၁က အမှုတွဲအမှတ် ၅၆၉၀/၂၀၂၄-၂၀၂၅ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၁၂၊ ဦးပိုင်အမှတ် ၁၂/၁၇(ခဲ စင်း)၊ ၉၀(စီ)လမ်း၊ ၂၂x၂၆လမ်းကြား၊ ဒေါ်စိန်ဌေး၊ဒေါ်စော၊ ဦးကျော်ညွန့် အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်စိန်ဌေး (ခင်ပွန်း)ဦးကိုလေးတို့မှာ (သား၊ သမီးထွန်းကားခြင်းမရှိ)၊ (ပူးတွဲအမည်ပေါက်သူ ခင်ပွန်း)ဦးကျော်ညွန့်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၉၄၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်စော၏ (SPရရှိသူ ဦးဆန်းလင်းမော်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၄၃၁/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးသင်း ၉/ မတရ(နိုင်)၀၀၁၆၀၁၊ ဒေါ်ဇာနည် ၉/ မတရ(နိုင်)၁၀၃၁၈၇တို့က အမှုတွဲအမှတ်(၅၆၉၁/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၃၄)၊ ဦးပိုင်အမှတ် ၂၆(ခဲစင်း)၊ ၇၆x၇၇ လမ်းကြား၊ ၉x၁၀ လမ်းကြားရှိ မောင်ဘသိုင်း အမည်ပေါက် ဘိုးဘမြေကွက်အား (ဦးလေး) ဦးဘသိုင်း (လူပျိုကြီးဘ၀)၊ (ဖခင်) ဦးထွေး၊ (မိခင်) ဒေါ်ညိုတို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၆၄၇/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် (တူမ၊ သမီး)ဖြစ်သူ ဒေါ်အမာတင် ၉/မနမ(နိုင်)၀၁၀၆၃၂၇က အမှုတွဲအမှတ် (၀၆၅၂/ ဘ(ခွဲ/ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၄၅

ဦးမောင်မောင်အေး **နှင့်** ဦးထွန်းမောင်

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ (အထစ)၊ တိုင်းပို့ဆက်၊ အကွက်(၃၄၃)၊ စိန်ပန်းရပ်နေ သိစေရမည်။

